ခန္တီစ တော မင်္ဂလမုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၉၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လ်ဒိုက်ဗ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၆

၂၀၀၄ ခုနှစ် ဇူလိုင် ၂၆ ရက်၌ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၃၉)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံသမ္မတ မစ္စတာမာမွန်း၊ အဗ္ဗဒူလ် ဂါယွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံအတွင်းစက်မှုလုပ်ငန်းများတိုးတက်ဖြစ်ထွန်းရေးဦးတည်၍ရန်ကုန်ဝန်းကျင်စက်မှုဇုန်များထူထောင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေခံသည့် သန်လျင်-ကျောက်တန်းစက်မှုဇုန်စီမံကိန်းအကောင်အထည်ဖော် တရုတ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း တိုးတက်ဖြစ်ထွန်းနေသည့်စက်မှုဇုန်ကြီးများလေ့လာခဲ့ နိုင်ငံတကာအဆင့်မီစက်မှုနယ်မြေဖြစ်ထွန်းရေး ပင်မစီမံကိန်းရေးဆွဲ အဆင့်မြှင့်ဆောင်ရွက်မည်

ရန်ကုန် ဇူလိုင် ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်-သန်လျင်-ကျောက်တန်းကားလမ်းမကြီးပေါ်ရှိ သန်လျင်-ကျောက်တန်းစက်မှုဇုန်စီမံခန့်ခွဲရေးရုံးသို့ရောက်ရှိပြီး မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော အထူးစက်မှုနယ်မြေ(သန်လျင်-ကျောက်တန်းဒေသ)နှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တောင်ပိုင်းခရိုင်နှင့် သန်လျင်၊ ကျောက်တန်းမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

စက်မှုမြေ ကြည့်ရှု

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အထူး စက်မှုနယ်မြေ (သန်လျင်-ကျောက်တန်းဒေသ)အတွင်းရှိ မြေအနေအထားကို ရှုရပ်မှ ကြည့်ရှုစဉ်။ **(သတင်းစဉ်)**

ကရင်ပြည်နယ်တွင် ဘားအံခရိုင်သည် လက်ရှိမိုးစပါးစိုက်ပျိုးဧကအများဆုံးဖြစ် ဒေသဆန်ဖူလုံရေးသာမက ပိုလျှံအောင်ရည်မှန်းချက်ထားစိုက်ပျိုးထုတ်လုပ်

ရန်ကုန် ဇူလိုင် ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေး အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

စီးပွားလူမှု ဖွံ့ဖြိုးတိုးတက်စေမည့်လမ်းနှင့်တံတားများ သားစဉ်မြေးဆက် အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်း

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးမှာ ဒေသအတွင်း ဆက်သွယ်သည့်လမ်းများ ကောင်းမွန်ရန်လိုအပ်သကဲ့သို့ အခြားဒေသများနှင့်ဆက်သွယ်သည့်လမ်းများလည်း ကောင်းမွန်ရန်လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှသာ ဒေသတစ်ခု၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့လည်း တိုးတက်ကောင်းမွန်လာမှာဖြစ်ကြောင်း"** လမ်းညွှန် မိန့်ကြားထားသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက လမ်းနှင့်တံတားများကို နေ့မအားညမနား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့သည်မှာ ၁၉၈၈ ခုနှစ်က လမ်းမိုင် ၁၃၆၃၅မိုင် ရှိခဲ့ရာမှ ယခုအခါ ၁၈၄၃၆မိုင် ရှိလာပြီဖြစ်၍ ၄၈၀၁မိုင် တိုးတက်ဖောက်လုပ်ခဲ့ပြီး ဖြစ်သည်။ စစ်ကိုင်းတိုင်းအတွင်း၌ ၁၉၈၈ခုနှစ် လမ်း ၁၃၃၂မိုင်ရှိခဲ့ရာက ယခုဆိုလျှင် ၂၀၉၄မိုင် ရှိလာပြီဖြစ်၍ ၇၆၂မိုင် တိုးတက် ဖောက်လုပ်ပေးနိုင်ခဲ့သည်။

နိုင်ငံတစ်ဝန်းတွင် ပေ၁၈၀နှင့် အထက်တံတားများအနေဖြင့် ၁၉၈၈ခုနှစ် နောက်ပိုင်း တံတား ၁၈၇စင်း တည်ဆောက်ပေးနိုင်ခဲ့သည်။ စစ်ကိုင်းတိုင်းအတွင်း၌ ၁၄စင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အစီအမံဖြင့် ဆားလင်းကြီးမြို့နယ် ဂုံတောကျေးရွာနှင့် ယင်းမာပင်မြို့နယ် အောင်ချမ်းသာကျေးရွာတို့ကို ဆက်သွယ်ပေါင်းကူးတည်ဆောက်ထားပြီး မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းနှင့် မုံရွာ-ဆားလင်းကြီး-ပခုက္ကူလမ်းတို့အား ဆက်သွယ်ထားသည့် လမ်းပိုင်းပေါ်၌ တည်ရှိသော မြောက်ယမားချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၁၅ ရက်နေ့ နံနက်ပိုင်းက အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကား ပြောကြားကာ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

မြောက်ယမားချောင်းတံတား ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ **"ယခု မိမိတို့အစိုးရလက်ထက်တွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ရည်မှန်းချက်ဖြင့် လမ်းများဖောက်၊ တံတားများဆောက် ဆောင်ရွက်ခဲ့သလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်သည့်လမ်းများ ကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်ပေးခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဖြင့် ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည့်အပြင် တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှုများလာပြီး ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ခိုင်မာလာမှာဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

မြောက်ယမားချောင်းတံတား၏အကျယ်မှာ ၁၂ပေ ခြောက်လက်မ၊ တံတားအောက်ခြေရေလမ်းကင်းလွတ်နယ်မြေမှာ အမြင့်ဆုံးရေမှတ်အထက် သုံးပေဖြစ်သည်။ တံတားအမျိုးအစားမှာ သစ်သားတံတားနှင့် တစ်လွှာတစ်ထပ် ဘေလီကြိုးဆိုင်းတံတားဖြစ်ပြီး ခွင့်ပြုတန် ၃၀ဖြစ်သည်။

မြောက်ယမားချောင်းတံတားဖွင့်လှစ်ခြင်းကြောင့် ဆားလင်းကြီးကျေးရွာမှ ကျေးရွာအုပ်စုနှစ်အုပ်စု၊ ကျေးရွာ ခုနစ်ရွာ၊ လူဦးရေ ၂၅၀၀၀၊ ယင်းမာပင်မြို့နယ်မှ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာ ၃၄ရွာ၊ လူဦးရေ ၅၇၅၀၀တို့ အဆိုပါတံတားနှင့် လမ်းကိုဖြတ်သန်း၍ မုံရွာ၊ ပခုက္ကူ၊ ဆားလင်းကြီး၊ ယင်းမာပင်မြို့များသို့ အလွယ်တကူ အချိန်တိုအတွင်း သွားလာနိုင်ကြပြီဖြစ်သည်။

ဤတံတားဆောက်လုပ်ပေးခဲ့ခြင်းနှင့်အတူ မုံရွာ-ယာကြီး-ကလေးဝလမ်း၊ မုံရွာ-ယင်းမာပင်-ပုလဲ-ဂန့်ဂေါလမ်းနှင့် မုံရွာ-ပခုက္ကူလမ်းမကြီး သုံးခုကို ဆက်သွယ်ပေးသည့် အရှည်၁၅မိုင်ရှိသော လမ်းသစ်တစ်ခုကိုလည်း ဖောက်လုပ်ပေးနိုင်ခဲ့သည်။ ဤခရီးတို လမ်းပိုင်းလေးကိုဖြတ်ပြီး လမ်းမကြီးသုံးခုသည် အချိန်တိုတိုဖြင့် အလွယ်တကူ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်ကြတော့မည် ဖြစ်သည်။

မြောက်ယမားချောင်းတံတားကို နိုင်ငံတော်အစိုးရက ကြီးမားသည့် အမြော်အမြင်၊ မွန်မြတ်သည့် စေတနာဖြင့် စီမံတည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ကျန်းမာရေး စသည့် လူမှုရေးအခြေခံများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် လမ်းနှင့်တံတားများ သားစဉ်မြေးဆက်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သည့် ယာဉ်မောင်းများအား သတ်မှတ်ထားသည့်ဥပဒေအတိုင်း ထိရောက်စွာအရေးယူဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၃ရက် ညနေ ၅နာရီခွဲက ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)ရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးမှ မြန်မာပြည်အရပ်ရပ်ရှိ ဒေသများသို့ မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံများဖြင့် နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ၊ ရန်ကုန်မြို့တွင်း နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းပြီး စိတ်ချမ်းမြေ့စွာ သွားလာ နိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့်ကောလိပ်များမှ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ကူညီဖြည့်ဆည်းပေးရမည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက သက်ဆိုင်ရာ ယာဉ်လိုင်းများအလိုက် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးနှင့် သတ်မှတ်ထားသည့် စည်းကမ်းများ လိုက်နာဆောင်ရွက်ရေး စစ်ဆေးကြပ်မတ်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်အတွင်း နေ့စဉ်သွားလာလျက်ရှိသည့် ယာဉ်မောင်းများ လိုက်နာရန် အချက်ပြများ၊ ဆေးရေးအမှတ်အသား ဆိုင်းဘုတ်များ၊ ဖြူနီကျားများ၊ မျဉ်းသေများ၊ မျဉ်းဝါများ၊ လူကူးမျဉ်းကျားများ ရေးဆွဲသတ်မှတ်ထားသော်လည်း အချို့ယာဉ်မောင်းများ အနေဖြင့် လိုက်နာရမည့်စည်းကမ်းများကို မဆင်မခြင် ချိုးဖောက်ခြင်း၊ ယာဉ်များ ယှဉ်ပြိုင်ကျော်တက်မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်တိုက်ခိုက်မှုများ၊ ယာဉ်မတော်တဆမှုများ ဖြစ်ပွားသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ထို့ကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ချိုးဖောက်သည့် ယာဉ်မောင်းများအား တာဝန်ရှိသူ အဆင့်ဆင့်က သတ်မှတ်ထားသည့် ဥပဒေများအတိုင်း ထိရောက်စွာ အရေးယူဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၆-၇-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Nature of Jursprudence (ဒုတိယနှစ်-ဥပဒေပညာ အထူးပြု)
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၆:၅၀ ၁၇။ မေးမြန်းစူးစမ်း
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း-၉)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားဓားသမား"** (အပိုင်း-၂၃)

ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၅

တောင်ကြီးမြို့ သစ်တောရပ်ကွက် ရေထွက်ဦးလမ်းသွယ်မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၂၅)၏ ဝါတွင်းတရားစခန်းပွဲများ ကျင်းပမည်ဖြစ်ရာ ပထမအကြိမ် ဒုတိယဝါဆိုလပြည့်ကျော်၆ ရက်မှ၁၅ရက် (ဩဂုတ် ၆ ရက်မှ ၁၅ ရက်)ထိ၊ ဒုတိယအကြိမ် ဝါခေါင်လပြည့်ကျော် ၅ရက်မှ ၁၄ရက် (စက်တင်ဘာ၄ရက်မှ၁၃ရက်)ထိ၊တတိယအကြိမ် တော်သလင်းလပြည့်ကျော်၆ရက်မှ ၁၅ ရက်(အောက်တိုဘာ၄ရက်မှ၁၃ရက်)ထိ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တ ကေသဝ(ပျော်ဘွယ်) အရှင်သူမြတ်ကပဋ္ဌိစ္စသမုပ္ပာဒ်သစ္စာလေးပါး မြတ်တရားများ ဟောကြားပြသမည်ဖြစ်ရာ တရားဘာဝနာ ပွားများအားထုတ်ကြမည့် ဓမ္မမိတ်ဆွေများကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင် ၂၃ရက်က မြတ်ပန်းသဇင်ခန်းမတွင်ကျင်းပရာ သဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်က အဖွင့်အမှာစကား ပြောကြားစဉ်။

(က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို လှိုင်းဘွဲမြို့နယ် ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါး စိုက်စနစ်မှန်စိုက်ပျိုးရေးသရုပ်ပြခြင်းနှင့် လယ်ယာ(၁၆)လက်တွန်းထွန်စက် သရုပ်ပြခြင်းအခမ်းအနားတွင် လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ကြိုဆိုနှုတ်ဆက်

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့ သိမ်ဇရပ်မြို့ရှိ တိုက်နယ်ဆေးရုံသို့ ရောက်ရှိလာရာ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးထင်ဝင်းကျော်၊ ကျိုက်ထိုမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မင်းတင်၊ ဆေးရုံအုပ် ဒေါက်တာဦးကျော်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုက်နယ်ဆေးရုံရှိ ခွဲစိတ်ခန်းမဆောင်သစ်၊ လူနာဆောင်များ၊ ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှု ခံယူနေကြသော ပြည်သူတို့အား အားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဆေးရုံညှိနှိုင်းခန်း၌ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးက မွန်ပြည်နယ်အတွင်း ကျန်းမာရေး ပြုစုစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ တိုက်နယ်ဆေးရုံအောက်ရှိ ကျန်းမာရေးဌာနများ၏ ကျေးလက်ကျန်းမာရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် လူ့လောက၌ ကျန်းမာရေးသည် အဓိကအကျဆုံး လိုအပ်ချက်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ကျန်းမာသန်စွမ်းသော လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ပြည်သူများကျန်းမာသန်စွမ်းကြမှသာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊ လူတိုင်း ရောဂါဘယကင်းရှင်းရေး ဟူသော ရည်မှန်းချက်နှစ်ရပ်ကို ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေးပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာ ကုသမှုပေးခြင်း ဟူသော နည်းနာသုံးရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့အတူ အမျိုးသားကျန်းမာရေးစီမံကိန်းများ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများသည် ဝန်ကြီးဌာန၏ ရည်မှန်းချက်အောင်မြင်ရေးနှင့် နိုင်ငံတော်အတွက် ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရေးတို့အတွက် အလေးထားဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုလမ်းမကြီးအတိုင်း ဆက်လက်ထွက်ခွာကြကာ မိုင်တိုင်အမှတ် ၉၂/၅ ရှိ စစ်တောင်းကျေးရွာ အဝင်လမ်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စစ်တောင်းကျေးရွာ အဝင်လမ်းပေါ်ရှိ ရထားလမ်းကျော်ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးရာ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လမ်းတံတား တည်ဆောက်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

သွားလာနိုင်မည်

အဆိုပါတံတား ပြီးစီးပြီဖြစ်၍ စစ်တောင်းရွာမှ ပြည်ထောင်စုကားလမ်းပေါ်သို့ သွားလာရာတွင် ဒေသခံပြည်သူ၊ ကျောင်းသား ကျောင်းသူများ အလွယ်တကူဖြင့် မီးရထား၏ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်တော့မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျိုက်ထို၊ သထုံမြို့များမှတစ်ဆင့် ကရင်ပြည်နယ် ဘားအံမြို့သို့လည်းကောင်း၊ ဘားအံမြို့မှ ဘားအံ-လှိုင်းဘွဲ လမ်းမှတစ်ဆင့် ရွှေဂွန်းမြို့သို့ သွားရောက်နိုင်သည့် သစ္စာလမ်းမကြီးသို့ လည်းကောင်း ရောက်ရှိကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် သစ္စာလမ်းမကြီးတစ်လျှောက် လမ်းနှင့် တံတားငယ်များ အခြေအနေ၊ လမ်းဘေးဝဲယာရှိ မိုးစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် လှိုင်းဘွဲမြို့နယ် တဝန်ဖန်ရ ကျေးရွာရှိ တောင်သူ ဦးပယ်ရှင်း၏ လယ်မြေ၌ကျင်းပသည့် လှိုင်းဘွဲမြို့နယ် ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါး စိုက်စနစ်မှန်စိုက်ပျိုးရေးသရုပ်ပြခြင်းနှင့် လယ်ယာ(၁၆)လက်တွန်းထွန်စက် သရုပ်ပြခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား ကရင်ပြည်နယ် စိုက်ပျိုးရေးမန်နေဂျာဦးကျော်သိန်း၊ ဘားအံခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးမင်းဦး၊ လှိုင်းဘွဲမြို့နယ် စိုက်ပျိုးရေးမန်နေဂျာဦးစိုးမောင်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသနေ တိုင်းရင်းသားပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် သရုပ်ပြပွဲအခမ်းအနားကို ကျင်းပရာ အစီအစဉ်အရ ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီးက ဘားအံခရိုင် ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးစိုက်ပျိုးမှု အခြေအနေ၊ ကရင်ပြည်နယ်၏ ရည်မှန်းချက်ဖြစ်သော မိုးစပါး ဧကငါးသိန်းစိုက်ပျိုးရေးအစီအစဉ်အရ ဘားအံခရိုင်မှ ဧက၂၆၇၈၅ တိုးချဲ့ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ခရိုင်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ၊ ဖာပွန်နှင့် သံတောင်မြို့နယ်များ၏ မိုးစပါးစိုက်ပျိုးမှုနှင့် လယ်မြေတိုးချဲ့ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးမန်နေဂျာက ဘားအံခရိုင် မိုးစပါးစိုက်ပျိုးမှုအခြေအနေ၊ စပါးအထွက်နှုန်းတိုးရေးအတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးမှု၊ စိုက်ပျိုးစနစ်မှန်ကန်ရေး အသိပညာပေးမှုနှင့် စပါးစိုက်ဧကတိုးတက်ဖော်ထုတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကရင်ပြည်နယ်ကို မိုးစပါးဧက ငါးသိန်းပြည့်မီအောင် ဆောင်ရွက်သွားရန် သတ်မှတ်ပေးထားပြီးဖြစ်ရာ ဘားအံခရိုင်အနေဖြင့် မိုးစပါးစိုက်ပျိုးရန် လျာထားချက်၏ ၆၄ရာခိုင်နှုန်းစိုက်ပျိုးပြီးဖြစ်သည်ဟု သိရှိရကြောင်း၊ ကရင်ပြည်နယ်တွင် ဘားအံခရိုင်သည် လက်ရှိမိုးစပါး စိုက်ပျိုးဧက အများဆုံးဖြစ်သကဲ့သို့ ၂၀၀၄-၂၀၀၅ခုနှစ်အတွက် မိုးစပါး တိုးမြှင့်စိုက်ဧက လျာထားမှုတွင်လည်း အများဆုံးဖြစ်သည်ကို တွေ့ရကြောင်း။

ဆန်ဖူလုံရေး

မိမိဒေသ ဆန်ဖူလုံရေးသာမက ပိုလျှံအောင် ရည်မှန်းချက်ထား၍ စိုက်ပျိုးထုတ်လုပ်ကြရန်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းဖြစ်သည့် တစ်ဧက တင်း၁၀၀ထွက်ရှိအောင်လည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းလမ်းလေးသွယ်ဖြစ်သည့် စိုက်စနစ်မှန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုး သုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာ ပေါင်းစပ်သုံးစွဲရေးနှင့် သီးနှံအလိုက် ရေတော်မိုးတော်စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေး နည်းလမ်းများကို လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လိုအပ်ချက်များကို စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်၍ အကြံဉာဏ်တောင်းခံ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် SRI Methodခေတ်သစ် ပျိုးထောင်စနစ်၊ ခေါင်နှံ့ဖြင့် အစေ့ချ စိုက်ပျိုးစနစ်၊ တိုက်ရိုက်အစေ့ချ နည်းစနစ်များဖြစ်သော အစုအလိုက်၊ ကြွက်မြီးတန်းနှင့် အစေ့ချကိရိယာသုံး အစေ့ချစိုက်စနစ်များ၊ ပျိုးထောင်စိုက်စနစ်ဖြစ်သည့် ခြောက်တန်းတစ်တန်းလှပ်စနစ်၊ တစ်တန်းနှင့်တစ်တန်း ကိုးလက်မ၊ တစ်ပင်နှင့်တစ်ပင် လေးလက်မ ထားရှိစိုက်ပျိုးနည်းစနစ်များ သရုပ်ဖော်စိုက်ပျိုးမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

လက်တွန်းထွန်စက်

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနမှ ထုတ်လုပ်သော လယ်ယာ(၁၆)လက်တွန်းထွန်စက်များအား ကြည့်ရှုစစ်ဆေးပြီး သရုပ်ပြပွဲအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၆၀)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၅

နိုင်ငံတကာ သတင်းဂျာနယ် အမှတ် (၄၆၀)ကို ယနေ့(တနင်္လာနေ့) စတင်ဖြန့်ချိထားသည်။ **(အပေါ်ပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား တင်ဆက်နေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်ဂျာနယ်တွင် ဂျပန်ကာကွယ်ရေး စက္ကူဖြူစာတမ်း၊ ချက်သမ္မတနိုင်ငံအကြောင်း သိကောင်းစရာ၊ အီရတ်စစ်ပွဲထောက်လှမ်းရေး သတင်းအားနည်းမှု၊ တောင်ကိုရီးယားနှင့် ဂျပန်ခေါင်းဆောင်တို့ တွေ့ဆုံဆွေးနွေး၊ ကင်ညာနိုင်ငံသားများ အီရတ်မှထွက်ခွာရန် နှိုးဆော်၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်သုံးကာ ကမ္ဘာ့ငါးမျိုးမပြုန်းတီးရေး ထိန်းသိမ်းခြင်း၊ ကမ္ဘောဒီးယားအစိုးရအဖွဲ့သစ်၊ ဆူဒန်ဆိုင်ရာ အမေရိကန်ကွန်ဂရက်ဆုံးဖြတ်ချက်၊ အာရှပုစွန်ပို့ကုန်အလားအလာ၊ ကိုဖီအာနန် အင်တာဗျူး၊ ကဖိန်းဓာတ်ဆိုင်ရာ အငြင်းပွားမှု၊ ပါလက်စတိုင်းခေါင်းဆောင်ပိုင်းအာဏာလွှန်ဆွဲပွဲ၊ ဘုရှ်အစိုးရ နိုင်လိုမင်းထက် လုပ်မှု၊ နိုင်ငံတကာဟာသ၊ တရားမဝင်ရွှေ့ပြောင်းနေထိုင်မှုပြဿနာ၊ ဖန်ဘိုရာ ကမ္ဘာ့လေကြောင်းပြပွဲ၊ စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု စုံစမ်းရေးအစီရင်ခံစာ၊ ဓာတ်ရောင်ခြည်သင့်ရောဂါ ကာကွယ်ဆေး၊ တူရကီမီးရထားမတော်တဆမှု၊ အီရတ်စစ်မြေပြင်မှ သတင်းထောက်များ၊ ဆူဒန်အာဏာလုပွဲ စသည့်သတင်းနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ **(မြန်မာ့အလင်း)**

ဝန်ကြီးဦးဝင်းအောင် မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၆

၂၀၀၄ခုနှစ် ဇူလိုင်၂၆ရက်၌ ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၃၉)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်ထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖာသူ လာဂျမီးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ဆုထူးပန်ကျောင်းတိုက် ဝါဆိုသင်္ကန်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၅

အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆုထူးပန်ဆရာတော် ဘဒ္ဒန္တသလ္လာအရှင်ပဏ္ဍိတ၏(၆၈)နှစ်မြောက် မွေးနေ့ပူဇော်ပွဲနှင့် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ပရိယတ္တိ စာသင်ကျောင်းတိုက်အတွင်း ဝါဆိုဝါကပ်တော်မူကြသော စာချစာသင် သံဃာတော် ၂၀၀ကျော်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အဆိုပါကျောင်းတိုက်၌ ဩဂုတ်၇ရက်တွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို ကြွရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မှူးဒိုင်းဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ၂၀၀၄-၂၀၀၅ခုနှစ် တပ်မှူးတံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ရက် နံနက်ရနာရီခွဲက တပ်မဌာနချုပ် ဘောလုံးအားကစားကွင်း၌ကျင်းပရာ အခမ်းအနားသို့ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးလှဌေးဝင်းနှင့်ဇနီး၊ တပ်မဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တပ်နယ်တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိစစ်သည်မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၁၁သင်းမှ အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မမှူး ဗိုလ်မှူးကြီးလှဌေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်း၁၁သင်းမှ အားကစားအသင်းများက တပ်မမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြကာ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တပ်မမှူး ဗိုလ်မှူးကြီးလှဌေးဝင်းနှင့် တက်ရောက်လာကြသူများက ကွင်းဖွင့်ပွဲပထမနေ့ ဘောလုံးပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သား ငါး ကဏ္ဍ တိုးမြှင့်ရေး စပါးခင်းမှာ ငါး တွဲဖက်မွေး

ဆာမာရာမြို့ပြင်၌ အမေရိကန်စစ်ယာဉ်တန်းတိုက်ခိုက်ခံရ

ကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၂၃

ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ ဆာမာရာမြို့ပြင်တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခု လမ်းဘေး၌ ထောင်သော ဗုံးတစ်လုံးပေါက်ကွဲထိမှန်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရခဲ့သည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာက သောကြာနေ့၌ ပြောကြားသည်။

ထိုသို့တိုက်ခိုက်ရာတွင် တပ်ဖွဲ့ဝင်တစ်ဦး တိုက်ခိုက်မှုအတွင်း သေဆုံးပြီး အခြားတစ်ဦးမှာ တိုက်ခိုက်မှု၌ ရရှိခဲ့သောဒဏ်ရာဖြင့် နောက်ပိုင်းတွင် သေဆုံးသွားသည်ဟု ကြေညာချက်၌ ဖော်ပြထားသည်။

ဖြစ်ပွား

ပေါက်ကွဲမှုကြောင့် စစ်ဘက်ယာဉ်တစ်စီး ပျက်စီးခဲ့ကြောင်း၊ ကြာသပတေးနေ့ည ၆နာရီခွဲ၌ ဖြစ်ပွားခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ဒဏ်ရာရရှိခဲ့သော တပ်ဖွဲ့ဝင်မှာ အခြေအနေကောင်းသည်ဟု သိရသည်။

ဘဂ္ဂဒက်မြောက်ဘက်ရှိ ဆာမာရာမြို့တွင် ဇူလိုင် ၈ရက်၌ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဌာနချုပ်ကို အင်အားပြင်းထန်သော အသေခံ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးချိန်မှစပြီး အသေအပျောက်ရှိသော တိုက်ပွဲများ ကြို့ကြားဖြစ်ပွားခဲ့သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ကူဖာမြို့တွင် ခုခံတိုက်ခိုက်ရေးခေါင်းဆောင် အယ်လ်ဆာဒါကို ထောက်ခံကြောင်း ကြွေးကြော်ကာ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်ပြောက်ကျားများအား ဇူလိုင် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်တွင် မော်တော်ယာဉ်များအား စစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇူလိုင် ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့အား ကန်တို့လေကြောင်းမှ ထပ်မံတိုက်ခိုက် အိပ်ပျော်နေသော အမျိုးသမီးများနှင့် ကလေးများ ထိခိုက်ဒဏ်ရာရ

ဖော်လူဂျာ ဇူလိုင် ၂၃

ဂျော်ဒန်လူမျိုး ပြောက်ကျားတိုက်ခိုက်ရေးသမားဟုဆိုသော အဘူမူဆက်အယ်လ်ဇာကာဝီနှင့် အဆက်အစပ်ရှိသည်ဟု သင်္ကာမကင်းသည့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများကို ပစ်မှတ်ထားပြီး အမေရိကန်တပ်ဖွဲ့များက ဖော်လူဂျာမြို့တွင် လေကြောင်းမှ သောကြာနေ့၌ တိုက်ခိုက်ခဲ့ကြပြန်သည်။

ဒဏ်ရာရ

အမေရိကန် စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သည့်ကြေညာချက်၌ ထိုသို့တိုက်ခိုက်မှုကြောင့် တစ်ဦးတစ်ယောက်သေဆုံးကြောင်းကို ဖော်ပြမထားသော်လည်း ဒေသခံများက လူငါးဦးထက်မနည်း ဒဏ်ရာရကြောင်းပြောဆိုသည်။ ဒဏ်ရာရသူများတွင် နှစ်ဦးမှာ ကလေးငယ်များဖြစ်ကြသည်ဟု သိရသည်။ မိမိတို့အမျိုးသမီးများနှင့် ကလေးငယ်များ အိပ်ပျော်နေခဲ့ကြောင်း၊ အမေရိကန်တို့မည်သည့်အတွက်ကြောင့် မိမိတို့အား တိုက်ခိုက်သည်ကိုမသိကြောင်း အမျိုးသမီးကြီးတစ်ဦးက ပြောကြားသည်။

လိမ်ညာနေ

အမေရိကန်တို့သည် လိမ်ညာနေကြကြောင်း သူတို့မိမိတို့အားလာရောက်ရှာဖွေကြပါစေ။ မိမိတို့ကို ဗုံးများဖြင့် မတိုက်ခိုက်ကြပါစေနှင့် ဟူ၍ ထိုအမျိုးသမီးကြီးက ပြောကြားသည်။ ရိုက်တာရုပ်မြင်သံကြားက သတင်းရိုက်ကူးထုတ်လွှင့်ရာ၌ မြေပြင်ပေါ်၌ စွန်းထင်းနေသော သွေးကွက်များ၊ ဗုံးကျရောက်ပေါက်ကွဲသဖြင့် ချိုင့်ကြီးတစ်ခုနှင့် ဖုန်များထူထပ်စွာ ဖုံးအုပ်နေသော ကားတစ်စီးတို့ကို တွေ့ရသည်။ **(အင်တာနက်)**

စပိန်စကားပြော မဲဆန္ဒရှင်များ ဘုရှ်ထက်ကယ်ရီကို ပိုမိုထောက်ခံ

လူထုသဘောထား စစ်တမ်းကောက်ယူချက်၌ ဖော်ပြ

ဝါရှင်တန် ဇူလိုင် ၂၃

စပိန်စကားပြော မဲဆန္ဒရှင်သည် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်ထက် ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီကိုပို၍ ခိုင်မာစွာထောက်ခံအားပေးကြောင်း ဗုဒ္ဓဟူးနေ့ကထုတ်ပြန်သည့် လူထုသဘောထား စစ်တမ်း၌ ဖော်ပြထားသည်။

နိုဝင်ဘာလ၌ ကျင်းပမည့် သမ္မတရွေးချယ်ပွဲကို ယနေ့ကျင်းပမည်ဆိုလျှင် မည်သူ့ကို ဆန္ဒမဲပေးမည်ဆိုသည်ကို ၎င်းတို့အား မေးမြန်းကြည့်ရာ၌ ၆၀ ရာခိုင်နှုန်းက ကယ်ရီကို မဲပေးမည်ဟု ပြောဆိုကြပြီး ၃၀ ရာခိုင်နှုန်းက ဘုရှ်ကိုမဲပေးမည်ဟု ပြောဆိုကြောင်း လူထုသဘောထား စစ်တမ်းအရ သိရသည်။

ကန့်ကွက်

ထို့ပြင် ၅၄ ရာခိုင်နှုန်းက ရီပတ်ဘလစ်ကင် သမ္မတ၏ လုပ်ငန်းဆောင်ရွက်ချက်ကို မထောက်ခံကြဘဲ ၆၂ရာခိုင်နှုန်းက အီရတ်စစ်ပွဲအား ဘုရှ်၏ ကိုင်တွယ်ဆောင်ရွက်မှုကို ကန့်ကွက်ခဲ့ကြသည်။

အားပေး

တစ်ဖန် စီးပွားရေးနှင့်ပတ်သက်၍ ဘုရှ်ဆောင်ရွက်သည့် နည်းလမ်းကို ၆၀ ရာခိုင်နှုန်းက မထောက်ခံခဲ့ကြပေ။

အီရတ်အခြေအနေကို ပိုကောင်းမွန်အောင် ဆောင်ရွက်ရန် မည်သူ့အပေါ် ပိုမိုအားထား ယုံကြည်သနည်းဟု မေးမြန်းရာ၌ စပိန်စကားပြော မဲဆန္ဒရှင်များက ကယ်ရီကို ဘုရှ်ထက်ပိုပြီး ထောက်ခံအားပေးခဲ့ကြသည်။

ထောက်ခံ

ကယ်ရီအား ထောက်ခံသူ အရေအတွက်မှာ ၄၅ ရာခိုင်နှုန်းရှိပြီး ဘုရှ်အား ထောက်ခံသူ အရေအတွက်မှာ ၃၄ရာခိုင်နှုန်း ရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်စစ်ပွဲမတိုင်မီက ဩစတြေးလျ၏ ထောက်လှမ်းရေးသတင်း ပြည့်စုံမှုမရှိခဲ့ကြောင်း ထောက်လှမ်းရေးအကြီးအကဲဟောင်းအစီရင်ခံ

ကင်ဘာရာ ဇူလိုင် ၂၃

အီရတ်စစ်ပွဲမတိုင်မီက အီရတ်၏ တားမြစ်ထားသော လက်နက်များနှင့်စပ်လျဉ်း၍ အကဲဖြတ်ရာတွင် ဩစတြေးလျနိုင်ငံထောက်လှမ်းရေးသတင်းသည် မရေရာသောသတင်းအပေါ် အခြေခံအားပြုခဲ့သည်ဟု လွတ်လပ်သောအစီရင်ခံစာတစ်ရပ်က ကြာသပတေးနေ့၌ ဖော်ပြခဲ့သည်။

အီရတ်၏ ပိတ်ပင်တားမြစ်ထားသော လက်နက်များဆိုင်ရာ ထောက်လှမ်းရေး သတင်းသည် ချွတ်ယွင်းချက်ရှိကြောင်း၊ ယင်း ထောက်လှမ်းရေးသတင်းသည် ပြည့်စုံမှုမရှိဘဲ မရေရာကြောင်း ထောက်လှမ်းရေး အကြီးအကဲဟောင်း ဖိလစ်ဖလာ့ဒ်က သူ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဖော်ပြ

ထို့ပြင် အစီရင်ခံစာ၌ ဩစတြေးလျ ထောက်လှမ်းရေးအဖွဲ့များသည် အကြမ်းဖက်သမားတို့၏ စွမ်းဆောင်နိုင်မှုနှင့် သူတို့၏ ရည်ရွယ်ချက်များကိုလည်း ပိုမိုသိရှိထားသင့်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

အမ်အင်အေ၊ရိုက်တာ

ဟာလီဘာတန်ရေနံ့ဝန်ဆောင်မှုလုပ်ငန်း သုံးလအတွင်း ဒေါ်လာ ၆၆၃သန်းရှုံး

တူစတန် ဇူလိုင် ၂၄

အီရတ်နိုင်ငံတွင် အမေရိကန်အစိုးရ ကန်ထရိုက်လုပ်ငန်းများဖြင့် ဝင်ငွေများ တိုးတက်ရရှိခဲ့လင့်ကစား ရေနံ့ဝန်ဆောင်မှုလုပ်ငန်းကြီးဖြစ်သော ဟာလီဘာတန်ကုမ္ပဏီသည် ဒုတိယသုံးလပတ်၌ အရှုံးပေါ်ခဲ့သည်။

ဟာလီဘာတန်သည် ယခုနှစ် ဇွန် ၃၀ရက်အထိ သုံးလအတွင်း ဒေါ်လာ ၆၆၃သန်း သို့မဟုတ် တစ်ရှယ်ယာလျှင် ဒေါ်လာ ၁ ဒသမ ၅၁ဒေါ်လာ ရှုံးခဲ့သည်ဟုဆိုသည်။ ယခင်နှစ်က အသားတင်အမြတ် ဒေါ်လာ ၂၆သန်းရှိခဲ့သည်ဟု ဆိုသည်။ (အင်တာနက်)

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

လက်နက်ကိုင်ခုခံရေးသမားများတိုက်ခိုက် အီရတ်ဗိုလ်ချုပ်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၃

အီရတ်ဗိုလ်ချုပ်တစ်ဦးဖြစ်သူ ဗိုလ်ချုပ် ဆလင်ဘလိတ်ချ်သည် အီရတ်လက်နက်ကိုင်ခုခံရေးသမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့သည်။ ၎င်းသည် မိုဆူးလ်မြို့၌ ယမန်နေ့က လမ်းတွင်တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ပြီး ၎င်းနှင့်အတူ မော်တော်ယာဉ်အတွင်းပါရှိသူ တစ်ဦးလည်း သေဆုံးသွားခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ဤအတောအတွင်း ဘဂ္ဂဒက်မြို့ ကာဒါမီယာ၌လည်း မီနီဘတ်စ်တစ်စီး မောင်းနှင်လာစဉ် လမ်းဘေးဗုံး ထိမှန်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အီရတ်လူမျိုး နှစ်ဦးသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

သေဆုံး

ထို့အပြင် ဘဂ္ဂဒက်မြို့ပြင် အဝေးပြေးလမ်းပေါ်၌လည်း မီနီဘတ်စ်တစ်စီး ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ လူကိုးဦးသေဆုံးခဲ့သည်။ ၎င်းမော်တော်ယာဉ်က အခြားမော်တော်ယာဉ်တစ်စီးကို ကျော်တက်ရာမှ အမေရိကန်တင့်ကားနှင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(စီအင်န်အင်န်)**

26-7 (04).p65 1 03/25/1905, 5:40 PM

ဆာမာရာမြို့အနီး ရေနံပိုက်လိုင်းမီးလောင်နေသည်ကို ဇူလိုင် ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီဂျစ်သံတမန်တစ်ဦးအား အီရတ်အုပ်စုတစ်စု ပြန်ပေးဆွဲထား

ဒူဘိုင်း ဇူလိုင် ၂၄

အီရတ်တွင် အမေရိကန်တပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုရန် အီဂျစ်နိုင်ငံအား တောင်းဆိုထားသောအုပ်စုက ဘဂ္ဂဒက်၌ အီဂျစ်သံတမန်တစ်ဦး ပြန်ပေးဆွဲထားကြောင်း အယ်လ်ဂျာဇီရာက သောကြာနေ့၌ သတင်းထုတ်လွှင့်သည်။

ယခုကဲ့သို့ ပြန်ပေးဆွဲခြင်းသည် အီရတ်ဝန်ကြီးချုပ်၏ ဝေဖန်ပြောကြားချက်ကို တုံ့ပြန်ခြင်းဖြစ်ကြောင်း အဆိုပါအုပ်စုက ပြောကြားသည်။ ဝန်ကြီးချုပ်က အီရတ်ကြားဖြတ်အစိုးရအား အီဂျစ်၏ လုံခြုံရေးအတွေ့အကြုံများပေးရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်ဟု အယ်လ်ဂျာဇီရာက ပြောကြားသည်။ ဓားစာခံ၏ အမည်မှာ မိုဟာမက်မမ်ဒူကွတ်ဘ်ဖြစ်သည်ဟု ဆိုသည်။

ကူညီရန်

ပြန်ပေးသမားများပေးပို့သည့် ဗီဒီယိုတိပ်ခွေတွင် ဓားစာခံက အမေရိကန်တပ်ဖွဲ့များနှင့် အီဂျစ်ပူးပေါင်းခြင်းမပြုရန်၊ ပြန်လည်တည်ဆောက်ရေးတွင် အီရတ်ပြည်သူများကိုကူညီရန် ပြောကြားထားသည်။

ကွတ်ဘ်သည် ဘဂ္ဂဒက်ရှိ အီဂျစ်သံရုံးတွင် နံပါတ်-၃ နေရာ၌ ရှိသူဖြစ်ကြောင်း၊ ကျန်းမာရေးကောင်းကြောင်း အယ်လ်ဂျာဇီရာက ပြောကြားသည်။ အီဂျစ်သံရုံးအမှုထမ်းများက သံတမန်တစ်ဦး ပြန်ပေးဆွဲခံရကြောင်း အတည်ပြုခဲ့သည်။

ဘဂ္ဂဒက်တွင် အီဂျစ်သံတမန် ပြန်ပေးဆွဲခံရသည့် ကိစ္စနှင့်ပတ်သက်၍ အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အဘူဂိဒ်က ဝေဖန်ချက်ပေးရာ၌ အီရတ်သို့ တပ်ဖွဲ့များစေလွှတ်ရန် အီဂျစ်အစိုးရ၌ အစီအစဉ်မရှိကြောင်း သောကြာနေ့က ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အာဖဂန်တောင်ပိုင်း၌ ကန်စစ်ယာဉ်တန်းဖြတ်သန်းစဉ် ကားဗုံးပေါက်ကွဲ

ကဘူးလ် ဇူလိုင် ၂၄

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ကန်ဒါဟာပြည်နယ်တွင် အမေရိကန်စစ်ယာဉ်တန်း သောကြာနေ့က ကားဗုံးဖောက်ခွဲတိုက်ခိုက်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးဒဏ်ရာရရှိခဲ့သည်ဟု အဆင့်မြင့် ရဲအရာရှိတစ်ဦးက ပြောကြားသည်။

တိုက်ခိုက်

အဆိုပါယာဉ်တန်းသည် ကန်ဒါဟာစီးတီးမှ အနီးရှိ လေတပ်အခြေစိုက်စခန်းသို့သွားစဉ် ဖောက်ခွဲရေးပစ္စည်းများ အပြည့်ရှိသော ကားကို ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဗိုလ်ချုပ်ဆလင်မ်ခန်က ပြောကြားသည်။

ပေါက်ကွဲ

အမေရိကန်တပ်ဖွဲ့များက ပေါက်ကွဲမှုဖြစ်ပွားရာဒေသကို ပိတ်ဆို့ထားလိုက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။ စစ်ဘက်ယာဉ်တန်းဖြတ်သန်းစဉ် ဖောက်ခွဲရေးပစ္စည်း အပြည့်တင်ထားသော ကားပေါက်ကွဲ သွားပုံရသည်ဟု ဗိုလ်ချုပ် ဆလင်မ်ခန်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဖော်လူဂျာမြို့တွင် အီရတ်ပြောက်ကျားတို့ လုံခြုံရေးစောင့်ကြပ်နေသည်ကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကင်ညာနိုင်ငံသားများ အီရတ်မှချက်ချင်းထွက်ခွာရန် တိုက်တွန်း

နိုင်ရိုဘီ ဇူလိုင် ၂၄

အီရတ်နိုင်ငံမှနေ၍ ကင်ညာနိုင်ငံသားများအားလုံး ချက်ချင်းထွက်ခွာကြရန် ကင်ညာအစိုးရ ပြောခွင့်ရှိသူက ကြာသပတေးနေ့၌ တိုက်တွန်းလိုက်ပြီး ကင်ညာ ထရပ်ကားမောင်းသူ သုံးဦးကို လွှတ်ပေးရန် တောင်းပန်လိုက်သည်။

အကယ်၍ အီရတ်နိုင်ငံ၌ ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေသော ကူဝိတ်ကုမ္ပဏီက လုပ်ငန်းရပ်ဆိုင်းခြင်းမရှိလျှင် ဓားစာခံများအား တစ်ယောက်ပြီး၊ တစ်ယောက် သတ်ပစ်မည်ဟု ပြန်ပေးဆွဲထားသူများက ခြိမ်းခြောက်ထားသည်။

ကင်ညာနိုင်ငံသား သုံးဦးဖြစ်သော အီဘရာဟင်ခါမစ်၊ ဖေ့ဇ်ခါမစ်ဆလင်မ်နှင့် ဂျာလာမိုဟာမက်တို့ သုံးဦးသည် ပြန်ပေးသမားတို့ ဖမ်းဆီးထားသော ဓားစာခံခုနစ်ဦးထဲတွင် ပါဝင်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဓားစာခံများအား သတ်ပစ်မည်ဟု ခြိမ်းခြောက် ကူဝိတ်ကုမ္ပဏီ အီရတ်မှရုပ်သိမ်းရန် အချိန်ထပ်မံပေး

ဒူဘိုင်း ဇူလိုင် ၂၄

ဓားစာခံများအားသတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသော အီရတ်အုပ်စုတစ်စုက ကူဝိတ်ကုမ္ပဏီသို့ ထပ်မံ၍ နောက်ဆုံး ၄၈ နာရီကို သောကြာနေ့ကပေးလိုက်ပြီး ကူဝိတ်နှင့် အမေရိကန်အကျဉ်းထောင်များရှိ အီရတ်အကျဉ်းသားများအား လွှတ်ပေးရန် တောင်းဆိုလိုက်ကြောင်း အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သည်။

ဓားစာခံများလွတ်မြောက်ရေးအတွက် တောင်းဆိုချက်များကို အဖြေပေးရန် ကုမ္ပဏီအား ၎င်းတို့က ၄၈ နာရီ အချိန်ပေးကြောင်း၊ ဖော်လူဂျာ၌ သေဆုံးခဲ့ရသူများ၏ မိသားစုများသို့ ကုမ္ပဏီက လျော်ကြေးပေးရန် ၎င်းတို့က တောင်းဆိုကြောင်း၊ ထို့ပြင် ကူဝိတ်နှင့် အမေရိကန်အကျဉ်းထောင်များရှိ အီရတ်အကျဉ်းသားများအား လွှတ်ရန်လည်း တောင်းဆိုကြောင်း အယ်လ်ဂျာဇီရာက ပြောကြားသည်။ ယင်းအုပ်စုထံမှ ဗီဒီယိုတိပ်ခွေကို အယ်လ်ဂျာဇီရာက ရရှိခဲ့ကြောင်း သိရသည်။

ဖတ်ပြ

အယ်လ်ဂျာဇီရာက ထုတ်လွှင့်သည့် ဗီဒီယိုတိပ်ခွေတွင် ဖမ်းဆီးထားသော ဓားစာခံခုနစ်ဦး၏ရှေ့၌ ကြေညာချက်ကို မျက်နှာဖုံးစွပ်ထားသူ တစ်ဦးက ဖတ်ပြနေသည်ကို တွေ့ရသည်။

ဓားစာခံများ အလုပ်လုပ်သော ကူဝိတ်ကုမ္ပဏီက ပြန်ပေးသမားတို့ မူလတောင်းဆိုချက်ဖြစ်သည့် အီရတ်၌ ကုမ္ပဏီလုပ်ငန်းများ ရပ်ဆိုင်းရေးကိစ္စကို ဖြည့်ဆည်းပေးမည်မဟုတ်ကြောင်း အစောပိုင်း၌ ပြောကြားခဲ့သည်။

တောင်းဆို

အီရတ်နိုင်ငံမှနေ၍ ကူဝိတ်ကုမ္ပဏီရုပ်သိမ်းမသွားလျှင် စနေနေ့မှစပြီး ကားမောင်းသူများအား သတ်မည်ဟု ပြန်ပေးသမားများက ဗုဒ္ဓဟူးနေ့၌ ခြိမ်းခြောက်ခဲ့ပြီး အိန္ဒိယ၊ ကင်ညာနှင့် အီဂျစ်တို့ကို အီရတ်မှ ၎င်းတို့နိုင်ငံသားများ ရုပ်သိမ်းရန်လည်း တောင်းဆိုခဲ့သည်။

လုပ်ကိုင်

ဖော်ပြပါနိုင်ငံများသည် အီရတ်ရှိ အမေရိကန်နှင့်အပေါင်းပါနိုင်ငံများ၏ အစိတ်အပိုင်းများမဟုတ်သော်လည်း ယင်းတို့၏ နိုင်ငံသား အများအပြားသည် ကားမောင်းသူများနှင့် ကန်ထရိုက်များအဖြစ် လုပ်ကိုင်လျက်ရှိကြသည်။ **(အင်တာနက်)**

အီရတ်၌ နောက်ထပ်ပြန်ပေးဆွဲမှုများမခံရစေရန် ဖိလစ်ပိုင်ယာဉ်မောင်းများ အီရတ်နိုင်ငံအတွင်း ဝင်ရောက်မှုပိတ်ပင်

ဘဂ္ဂဒက် ဇူလိုင် ၂၄

အီရတ်နိုင်ငံတွင် နောက်ထပ်ပြန်ပေးဆွဲမှုများ မခံရစေရန်အတွက် အရှေ့အလယ်ပိုင်းတွင် အလုပ်လုပ်နေကြသော ဖိလစ်ပိုင်ထရပ်ကားမောင်းသူများအား အီရတ်နိုင်ငံထဲသို့ ဝင်ရောက်ခြင်းကို ယခုအခါ ပိတ်ပင်ထားလိုက်သည်။

အီရတ်ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုတွင် ပါဝင်သည့် ဆော်ဒီနှင့် ကူဝိတ်ကုမ္ပဏီများသည် ရေနံစိမ်းနှင့် တည်ဆောက်ရေးပစ္စည်းများကို အီရတ်နိုင်ငံထဲသို့ ပို့ဆောင်ပေးရန်အတွက် နိုင်ငံခြားသားများ ငှားရမ်းခဲ့ကြသည်။

အင်ဂျလိုဒီလာခရုဇ် ပြန်ပေးဆွဲခံရပြီးနောက် ဖိလစ်ပိုင်အရာရှိများက ဖိလစ်ပိုင် ထရပ်ကားမောင်းသူများသည် အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့အတွက် ပျော့ကွက်အဖြစ် ဆုံးဖြစ်သည်ဆိုသည်ကို သိရှိလာခဲ့ကြသည်။

လောလောဆယ်၌ အီရတ်တွင် ဖိလစ်ပိုင် အလုပ်သမား ၄၀၀၀ ခန့်ရှိပြီး ၎င်းတို့အား အမေရိကန်နှင့် ဗြိတိသျှကုမ္ပဏီများက အီရတ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် တိုက်ရိုက်ငှားရမ်းခဲ့သည်။

အီရတ်၏ အိမ်နီးချင်းနိုင်ငံများသို့ ဖိလစ်ပိုင်ကားမောင်းသမားများ အီရတ်နိုင်ငံထဲဝင်ရောက်ဖို့ ကြိုးပမ်းရာတွင် ၎င်းတို့၏ နယ်စပ်များအား ဖြတ်ခွင့်မပေးရန် သက်ဆိုင်ရာနိုင်ငံများ၏ အစိုးရများသို့ တောင်းဆိုရန် အီရတ်နှင့် နယ်ချင်းထိစပ်နေသော နိုင်ငံများရှိ ဖိလစ်ပိုင်အဖွဲ့အစည်းများထံ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက ညွှန်ကြားချက်များ ပေးပို့ထားသည်ဟု သမ္မတ အာရိုယိုက ပြောကြားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်အနီး၌ အရပ်သားများစီးလာသောကားနှင့် ကန်တင့်ကားတိုက်မိ

ဘဂ္ဂဒက် ဇူလိုင် ၂၄

အရပ်သားများစီးနင်းလိုက်ပါလာသော ဗင်ကားနှင့် အမေရိကန်တင့်ကားတစ်စီးတို့ ဘဂ္ဂဒက်အနီး၌ တိုက်မိသဖြင့် ကိုးဦးသေဆုံးပြီး၊ ၁၀ ဦးဒဏ်ရာရခဲ့သည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာက သောကြာနေ့၌ ပြောကြားသည်။

ထိုသို့တိုက်မိမှုသည် ကြာသပတေးနေ့ ည ၁၀နာရီခန့်၌ ဖြစ်ပွားခြင်းဖြစ်ပြီး ဗင်ကားက အခြားကားတစ်စီးကို ကျော်တက်စဉ် တင့်ကားနှင့် တိုက်မိခြင်းဖြစ်သည်ဟု သိရသည်။

သေဆုံး

အီရတ်ရဲအရာရှိ အက်ဒ်နန်ဆာလီက ပြောကြားရာ၌ ကြာသပတေးနေ့ညတွင် တာမီယာ၌ တင့်ကားနှင့်အရပ်သားများစီးလာသော ဗင်ကားတို့တိုက်မိရာတွင် လူကိုးဦးသေဆုံးပြီး၊ ၁၈ ဦးဒဏ်ရာရသည်ဟု သိရသည်။

သေဆုံးသူများတွင် ယောကျ်ား လေးဦး၊ မိန်းမ လေးဦးနှင့် ကလေးတစ်ဦးဖြစ်ကြပြီး အားလုံး တာမီယာ၌ မင်္ဂလာပွဲသွားရောက်ခဲ့ကြသူများဖြစ်ကြောင်း ဆာလီက ပြောကြားသည်။ **(အင်တာနက်)**

ရွှေဘုန်းပွင့်စေတီတော် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ (၄၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၃၁ ရက်)စနေနေ့ မွန်းလွဲ ၂နာရီတွင် ရွှေဘုန်းပွင့်စေတီတော် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ သင်္ကန်းတစ်စုံ ကျပ် ၃၀၀၀ နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဖုန်း-၂၉၀၄၂၅ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝေနေယျသုခရေချမ်းစင်အသင်း သောက်ရေသန့်ဘူးများ ဒါနပြုပွဲ

ရန်ကုန် ဇူလိုင် ၂၅

၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့် (ဇူလိုင်၃၁ရက်)စနေနေ့တွင် ရွှေတိဂုံစေတီတော်အလယ်ပစ္စယာ သောကြာထောင့်မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့ အနီးမှနေ၍ ဝေနေယျသုခရေချမ်းစင်အသင်း (၉၉)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် သောက်ရေသန့်ဘူးများကို တစ်နေကုန်စတုဒိသာဒါနပြုလှူဒါန်းမည်ဖြစ်သည်။ ရာသက်ပန်သောက်ရေသန့်ရေပဒေသာပင်တစ်ပင်လျှင် အနည်းဆုံးကျပ် တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း-၃၈၁၇၃၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့၏ စီးပွားရေးဆိုင်ရာဟောပြောပွဲသို့တက်ရောက်စဉ်နှင့် သဘာပတိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့ဝင် ဂုဏ်ထူးဆောင် ပါမောက္ခ(ငြိမ်း)ဒေါ်လှမြင့် အဖွင့်အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးဆိုင်ရာဟောပြော

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ စီးပွားရေးဆိုင်ရာ ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ စီးပွားရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊စီးပွားရေးလုပ်ငန်းအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီးပွားရေးအဖွဲ့ တာဝန်ခံများ၊ ဟောပြောပို့ချမည့် စီးပွားရေးပညာရှင်များ၊ စီးပွားရေးပညာ လေ့လာဆည်းပူးနေကြသော ကျောင်းသား ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်း စိတ်ပါဝင်စားသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ရှေးဦးစွာသဘာပတိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့ဝင် ဂုဏ်ထူးဆောင် ပါမောက္ခ(ငြိမ်း)ဒေါ်လှမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဟောပြောမည့် ပုဂ္ဂိုလ်များနှင့် မိတ်ဆက်ပေးသည်။

ဟောပြော

ထို့နောက် စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဆရာကြီးဦးမြတ်သိန်းက "မြန်မာ့မက်ခရိုစီးပွားရေးပတ်ဝန်းကျင်" Macroeconomic Environment of Myanmar အကြောင်းကို လည်းကောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခ ဒေါက်တာဒေါ်ခင်စန်းရီက စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွန့်ထွင်ဦးစီးမှု (Business Development and Entreprencurship)အကြောင်းကိုလည်းကောင်း စိတ်ဝင်စားဖွယ်ရာ ရှင်းလင်းဟောပြောကြသည်။

အမှတ်တရလက်ဆောင်

ဆက်လက်၍ ဟောပြောပွဲ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် သဘာပတိက ကျေးဇူးတင်စကားပြောကြားပြီး ဟောပြောကြသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ဟောပြောပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံပါရီမြို့ရှိထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန်ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၅

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန်အတွက် အလှူရှင်များ၏ ဒုတိယအကြိမ် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

ငါးပါးသီလ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာဘုန်းတော်ကြီးကျောင်း ပဓာနနာယကဆရာတော် ကျွန်းနံ့သာဘဒ္ဒန္တနန္ဒသိရီထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်ကြသည်။

ထို့နောက် အလှူငွေပေးအပ်လှူဒါန်းပွဲကိုကျင်းပရာ အလှူရှင်များဖြစ်ကြသော ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ၊ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကက ဒုတိယအကြိမ်၊ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၏ တပည့်ဒါယကာ ဒါယိကာမများ၊ ရန်ကင်းပညာရေးကောလိပ် မိသားစုနှင့် Mantra ကုမ္ပဏီလီမိတက်မှ ဦးမင်းလွင်တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးဘွန်စိန်-ဒေါ်ချိုချိုလွင်(စိန်ရတနာ)မိသားစုက ငွေကျပ်ငါးသိန်း၊ Princess Hotel မှ ဦးခင်မောင်အေး-ဒေါ်ခင်စောမူ၊ ဒေါက်တာနိုင်ထွန်းအောင်-ဒေါက်တာဝေဝေရင် မိသားစုနှင့် ဦးဌေးအောင်-ဒေါ်ခင်ကြည်လွင်(ရွှေရည်နို့ဆီမိသားစု) ပဲခူးမြို့နှင့် အဖွဲ့တို့က ငွေကျပ်သုံးသိန်းစီ၊ အောင်သုခမိသားစုမှ ဦးအောင်မြင့်-ဒေါ်သုခ၊ သား ကိုသိန်းမြင့်တို့က ဒုတိယအကြိမ်နှင့် ဦးဝင်းမြင့်-ဒေါ်သင်းသင်းအေး မိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်အေးသင်နှင့် မိသားစုတို့က ငွေကျပ် ၁၅၀၀၀၀၊ တက်လမ်းဆောက်လုပ်ရေးမှ ဦးရှိန်ဝင်း-ဒေါ်ခင်ချိုဦးမိသားစုတို့က ဒုတိယအကြိမ်နှင့် ဦးစိုးစိုး-ဒေါ်သီဂီဝင်း၊သား ဇော်ဝင်းထွန်း၊ သမီး စန္ဒီထွန်းတို့က ဒုတိယအကြိမ်အဖြစ် F.E.C 500စီ အပါအဝင် အလှူရှင် ၉၀ တို့က စုစုပေါင်း အလှူငွေကျပ် ၉၉၅၄၇၁၀ နှင့် F.E.C 2450တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ကျွန်းနံ့သာ ဘဒ္ဒန္တနန္ဒသိရီ အရှင်သူမြတ်က အနုမောဒနာတရားနှင့် ရေစက်ချ တရားတော်တို့ကို ဟောကြားချီးမြှင့်တော်မူရာ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဇူလိုင် ၂၀ရက်က ဒေါပုံမြို့နယ် ယမုံနာ (၂)ရပ်ကွက် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို မင်္ဂလာရာမဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်သောင်းသို့ စိစစ်ရေးကတ်ပြားများပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

နာရေးကူညီမှုအသင်းသို့ငွေလှူ

ရန်ကုန် ဇူလိုင် ၂၅

ဆန်းစာပေတိုက် စတင်တည်ထောင်ခြင်းအထိမ်းအမှတ်အဖြစ် ဆန်းစာပေတိုက်ပိုင်ရှင် စာရေးဆရာကိုဆန်း(စိတ်ပညာ)ကသန်လျင်မြို့နယ် နာရေးကူညီမှုအသင်းအတွက် ငွေကျပ် ငါးသောင်းနှင့်ကျိုက်ခေါက်စေတီတော်အတွက် ငွေကျပ်ငါးသောင်းကိုဇူလိုင် ၇ရက်ကလာရောက်လှူဒါန်းရာ မြို့နယ်နာရေးကူညီမှုအသင်း နာယက ဦးစိန်ဝင်း(စာရေးဆရာစိန်ဝင်းမော်) က လက်ခံရယူသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံအနှံ့ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

ရန်ကုန် ဇူလိုင် ၂၅

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကရင်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး၊ ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားအသင့်အတင့်ရှိကြောင်း သိရသည်။

ဇူလိုင် ၂၆ ရက်ညနေအထိခန့်မှန်းချက်အရ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၄-၇-၂၀၀၆

ဗန်းမော်မြို့	**၄ ဒသမ ၃၇**	**လက်မ**
လှိုင်ကော်မြို့	**၂ ဒသမ ၂၄**	**လက်မ**

စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဇူလိုင် ၂၁ ရက်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစန်းဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရပ်ကွက်ဥက္ကဋ္ဌဦးစန်းဝေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူးဒေါ်ခင်ဌေးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌဒေါ်မြမြကကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(က-ပ)**

■ ***ကျောဖုံးမှ***

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်သည် အိန္ဒိယသမ္မတနိုင်ငံတွင်ရောက်ရှိနေစဉ် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. K. Natwar Singh နှင့် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် နယူးဒေလီမြို့ရှိ Hyderabad House ၌တွေ့ဆုံကြသည်။

ပွင့်လင်းစွာဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြားတည်ရှိပြီး ချစ်ကြည်ရင်းနှီးမှုကို တိုးတက်ခိုင်မြဲရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာနယ်ပယ်တွင် အစဉ်အလာရှိသည့်အတိုင်း ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံရာသို့ ဝန်ကြီး ဦးဝင်းအောင်နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ အထူးအရာရှိ ဦးမင်းသိမ်းနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးမှ သံမှူး ဦးရဲမြင့်တို့ တက်ရောက်ကြပြီး အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးအတွင်းဝန် Mr. Shashank နှင့် တွဲဖက်အတွင်းဝန် Mrs. Mitra Vasisht တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် အိန္ဒိယပြည်ပရေးရာဝန်ကြီးက ဝန်ကြီး ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များအား Hyderabad House၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဝန်ကြီးချုပ်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်သည် ညနေ ၅ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Dr. Man Mohan Singh အား ဝန်ကြီးချုပ်၏နေအိမ်သို့ သွားရောက်၍ တွေ့ဆုံသည်။

ပူးပေါင်းဆောင်ရွက်

ယင်းသို့တွေ့ဆုံရာတွင် အိမ်နီးချင်းကောင်းများဖြစ်ကြသော အိန္ဒိယနှင့် မြန်မာနိုင်ငံတို့အကြား ဆက်ဆံရေး တိုးတက်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ASEAN နှင့် BIMSTEC အဖွဲ့များတွင် မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံရာသို့ ဝန်ကြီး ဦးဝင်းအောင်နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ဝန်ကြီးချုပ် H.E. Dr. Man Mohan Singh နှင့်အတူ အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာနမှ နိုင်ငံခြားရေး အတွင်းဝန် Mr. Shashank နှင့် တွဲဖက်အတွင်းဝန် Mrs. Mitra Vasisht တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. K. Natwar Singh အား နယူးဒေလီမြို့ရှိ Hyderabad House ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနယူးစ်ဂျေဇက်ဂျာနယ်အတွဲ (၁)၊အမှတ် (၁၁)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၅

အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်) တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂျေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ် (၁၁)ကို ဖြန့်ချိထားသည်။

ယခုတစ်ပတ်ထုတ် ဂျာနယ်တွင် ကလေးတွေ ကွန်ပျူတာကို သတိထားသုံး ဆယ်ကျော်သက်အရွယ်များ ကွန်ပျူတာကြောင့် အမြင်အာရုံချို့ယွင်းမှုတိုးပွားလာနေ၊ ရွှေလင်ပန်းစက်မှုမြို့ နှစ်ကုန်ပိုင်းတွင် လုပ်ငန်းအားလုံး စတင်လည်ပတ်နိုင်တော့မည်၊ အရှေ့-အနောက် စီးပွားရေးစင်္ကြံပေါ်ထွန်းလာတော့မည်၊အာရှပေါင်းကူးခရီးသွား-ယဉ်ကျေးမှုပွဲတော် မြန်မာတက်၊ မြန်မာက လာအိုနှင့် အမြန်လမ်းမဖောက်ကာ ဗီယက်နမ်နယ်စပ်နှင့် ကုန်းလမ်းဆက်သွယ်လို၊ အဝေးသင်တက္ကသိုလ်စာမေးပွဲများ သင်ထောက်ကူဌာနများတွင် စစ်ဆေးရန် အစီအစဉ်ရှိ၊ စီးပွားရေးတက်လာသဖြင့် အိန္ဒိယတွင် ကားဝယ်လိုအား မြင့်မားလာ၊ အာရှကျောင်းသားအများစု ဩစတြေးလျတက္ကသိုလ်များ တက်ရောက်သင်ကြားသူ သိသိသာသာ တိုးပွား၊ သည်လောက်ကြောက်စရာကောင်းတာတောင် စီးကရက် ဆက်သောက်ဦးမှာလား၊ ပိုက်ဆံအိတ်မိုဘိုင်းဖုန်း၊ အလွန်ဆုံး နောက်ဆယ်နှစ်အကြာမှာ ဒီဗွီဒီတွေခေတ်ကုန်မည်ဟု ဘီလ်ဂိတ်ပြော၊ အာကာသထဲ ရုပ်ကြွင်းပြာများသင်္ဂြိုဟ်မည် ပြာတစ်ဂရမ် ဒေါ်လာတစ်ထောင်နှုန်း ကျသင့်စသည့် ပြည်တွင်း၊ပြည်ပ စိတ်ဝင်စားဖွယ်ရာသတင်းများ၊ အပတ်စဉ်ပါ နေကျ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်ဒိုင်ဈေးနှုန်းသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားလပ်ရက် အပန်းဖြေအညွှန်း၊ နိုင်ငံတကာ ပညာရေးမိတ်ဆက်ကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားကာ e-Empire Media House ဖုန်း-၇၀၃၈၀၃ က တစ်ပြည်လုံးသို့ဖြန့်ချိထားသည်။

(က-ပ)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့ များအား လှည့်လည်စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၅

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးတင်ရွှေ၊ ရဲရေးချုပ် ရဲမှူးချုပ်စိုးမြင့်၊ တပ်ထိန်းတပ်(လေ)တပ်မှူး ဗိုလ်မှူးလှမြင့်ဦး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ ညွှန်ကြားရေးမှူးများ၊ ကော်မတီအတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြီးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များသွားလာသုံးစွဲမှု စစ်ဆေးနေကြသည်ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

စစ်ဆေး

နိုင်ငံတော်အစိုးရပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ကော်မတီဝင်များ၊ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေသည်ကို လှည့်လည်စစ်ဆေးကြပ်မတ်စဉ်။ (သတင်းစဉ်)

မဇ္ဈိမဂုဏ်ရည် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၅

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီးတွင် ပုရိမဝါကပ်တော်မူကြမည့် ပဓာနနာယက မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကောဝိဒအရှင်မြတ်နှင့် သံဃာတော်များ၊ ပင့်သံဃာမထေရ်ကြီးများအား မဇ္ဈိမဂုဏ်ရည် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့နှင့် ယောဂီများက ကြီးမှူး၍ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၆ခု ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့)ညနေ ၃ နာရီ၌ မဇ္ဈိမဂုဏ်ရည် မဟာစည်ရိပ်သာတွင် ကျင်းပမည်ဖြစ်သည်။ မဇ္ဈိမဂုဏ်ရည် ယောဂီများ၊ ပစ္စည်းလေးပါး အလှူရှင်များနှင့် ဝါဆိုသင်္ကန်းကပ်လှူလိုသူများ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၆-၇-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၇။ ကျင်းသာရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading.
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၁၇:၁၀ ၆။ အကပဒေသာ
- ၁၇:၂၅ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၁၇:၃၅ ၈။ မြန်မာ့ရိုးရာ တောဓလေ့ ကျေးလက်တေးသံများ
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၈:၀၀ ၁၀။ Discovery
- ၁၈:၁၀ ၁၁။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၉)
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ မြန်မာစာ၊မြန်မာစကား
- ၁၉:၂၀ ၁၅။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၁၉:၃၀ ၁၆။ တေးဂီတအစီအစဉ်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရုံရှောအခါ"** (အပိုင်း-၇)
- ၂၂။ အစီအစဉ်ပြီး၏။

ဓမ္မစေတီဆရာတော်၏ ဝါတွင်းအထူးတရားပွဲများ

ရန်ကုန် ဇူလိုင် ၂၅

ဓမ္မစေတီ ဆရာတော် ဘဒ္ဒန္တ ကောသလ္လ မဟာဓမ္မာစရိယ (M.A Buddhism)သည် ဝါတွင်းအထူးတရားပွဲများ ဟောကြားချီးမြှင့်မည်ဖြစ်ရာ ဇူလိုင် ၃၀ ရက်မှစ၍ အပတ်စဉ် သောကြာနေ့တိုင်း ည ၇ နာရီမှစ၍ မိဂဒါဝမ္မာရုံ သရေခေတ္တရာလမ်း (၅)ရပ်ကွက် တောင်ဥက္ကလာပ၌လည်းကောင်း၊ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၄ ရက်အထိ ညစဉ် ၇ နာရီမှစ၍ မဟာဗောဓိကျောင်းတိုက် မိုးကောင်းလမ်း ရန်ကင်းမြို့နယ်၌ လည်းကောင်း၊ လပြည့်လကွယ်နေ့တိုင်း ညစဉ် ၇ နာရီမှစ၍ အောင်ဓမ္မာရုံ ဘုန်းကြီးလမ်း မြောက်ဥက္ကလာပနှင့် ညနေ ၃ နာရီတွင် သဒ္ဓမ္မဟိတကာရီဓမ္မာရုံ (ဈ)ဈေး မြောက်ဥက္ကလာပ၌ လည်းကောင်း၊(၈ ရက်)ဥပုသ်နေ့တိုင်း ဓမ္မစေတီ ထေရဝါဒသာသနာပြုကျောင်း (၄၂)ရပ်ကွက် မြောက်ဒဂုံတွင် နံနက် ၉ နာရီတွင်လည်းကောင်း ဝါတွင်းတရားပွဲများ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပညာရေးမြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အထူးစက်မှုနယ်မြေ (သန်လျင်–ကျောက်တန်းဒေသ)နှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

*** ရှေ့ဖုံးမှ**

စက်မှုဇုန်များထူထောင်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့အစိုးရ နိုင်ငံတော်၏တာဝန်ကို ယူခဲ့ရချိန်ကစတင်ပြီး နိုင်ငံတော်အတွင်း စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးဦးတည်၍ ရန်ကုန်မြို့တော် ပတ်ဝန်းကျင်ဒေသများ၌ စက်မှုဇုန်များ ထူထောင်ပေးခဲ့ကြောင်း။

သန်လျင်–ကျောက်တန်းဒေသသည် ပင်လယ်ဆိပ်ကမ်း တည်ဆောက်နိုင်သည့် ဒေသဖြစ်သည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေခံသည့် စက်မှုဇုန်ကြီးတစ်ခု ထူထောင်နိုင်ရန် သန်လျင်–ကျောက်တန်း စက်မှုဇုန်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ကျောင်းသားများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကျောက်တန်း သီလဝါဒေသ၌ အပြည်ပြည်ဆိုင်ရာ ပင်လယ်ဆိပ်ကမ်း တစ်ခုတည်ဆောက်မှု အပါအဝင် သန်လျင်–ကျောက်တန်း စက်မှုဇုန်ကို လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးမှအစ နိုင်ငံတကာ အဆင့်မီစက်မှုဇုန်တစ်ခု ဖြစ်လာအောင် လိုအပ်သည့်အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့ကြောင်း။

လွန်စွာအရေးကြီး

စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှသာ နိုင်ငံတော်၏ စီးပွားရေး အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းမှာဖြစ်သည့်အတွက် စက်မှုဇုန်လုပ်ငန်းများ စနစ်တကျဖြစ်ထွန်းရေးသည် နိုင်ငံတော်၏ စီးပွားရေးအတွက် လွန်စွာ အရေးကြီးကြောင်း။

ယခုဇူလိုင်လအတွင်း မိမိအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေသည့်စက်မှုဇုန်ကြီးများကို အလေးပေးလေ့လာခဲ့ကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြီးအကဲများ၊ နိုင်ငံတော် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ စက်မှုဇုန်တာဝန်ခံများနှင့်တွေ့ဆုံခဲ့ရာတွင် လည်းကောင်း ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း စက်မှုလုပ်ငန်းများတိုးတက်ဖြစ်ထွန်းရေးအတွက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း။

သန်လျင်–ကျောက်တန်းစက်မှုဇုန်

သန်လျင်– ကျောက်တန်းစက်မှုဇုန်သည် နိုင်ငံတကာအဆင့်မီ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများ ရှိထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ သန်လျင်–ကျောက်တန်း စက်မှုဇုန်ကို နိုင်ငံတကာအဆင့်မီ အထူးစက်မှုနယ်မြေတစ်ရပ်အဖြစ် ဖြစ်ထွန်းလာရေးအတွက် စနစ်တကျ ပင်မစီမံကိန်းတစ်ရပ်ရေးဆွဲပြီး အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက်

နိုင်ငံတကာအဆင့်မီ အထူးစက်မှုနယ်မြေကြီး ပီပီပြင်ပြင် ဖြစ်ထွန်းလာသည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်မည်ဖြစ်ရာ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးက နိုင်ငံတော်၏ အကျိုး၊ ပြည်သူများ၏အကျိုး တိုးတက်ဖြစ်ထွန်းရေးကို ရှေးရှုပြီး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

အထူးစက်မှုနယ်မြေသည် (သန်လျင်–ကျောက်တန်းဒေသ) [Special Industrial Park Thanlyin-Kyauktan]ကို နိုင်ငံတကာအဆင့်မီ စက်မှုနယ်မြေတစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာရေးအတွက် မိမိတို့လုပ်ငန်းအပိုင်းကဏ္ဍအလိုက် ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်သွားကြရန်နှင့်အကြံပြုဆွေးနွေးလိုသည်များလည်း ပွင့်လင်းစွာဆွေးနွေးကြရန် ပြောကြားသည်။

ယင်းနောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက အထူးစက်မှုနယ်မြေ (သန်လျင်–ကျောက်တန်းဒေသ)၏ နယ်နိမိတ်အကျယ်အဝန်း၊ အထူးစက်မှုနယ်မြေအတွင်းမြေယာအသုံးပြုမှု အခြေအနေ၊ အထူးစက်မှုနယ်မြေစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက အထူးစက်မှုနယ်မြေ (သန်လျင်–ကျောက်တန်းဒေသ) အတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာဖြန့်ဖြူးပေးရန် မဟာဓာတ်အားလိုင်းစနစ်မှ ထပ်မံတိုးချဲ့ဖြည့်ဆည်းပေးမည့်အစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်က စက်မှုနယ်မြေဝန်းကျင်ရှိ ဘန့်ဘွေးကုန်းဆည်၊ သီလဝါဆည်နှင့် ဇာမဏီအင်းဆည်တို့မှ အထူးစက်မှုနယ်မြေအတွင်း ရေပေးဝေနိုင်မည့်အခြေအနေနှင့် တိုးချဲ့ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက အထူးစက်မှုနယ်မြေ(သန်လျင်–ကျောက်တန်းဒေသ) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နံနက်၁၁နာရီ မိနစ်၂၀တွင် ရုပ်သိမ်းလိုက်သည်။

အထူးစက်မှုနယ်မြေကြည့်ရှု

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး အထူးစက်မှုနယ်မြေ (သန်လျင်–ကျောက်တန်းဒေသ) အတွင်းရှိ မြေအနေအထားများကို ရုပ်မှ ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အထူးစက်မှုနယ်မြေ (သန်လျင်–ကျောက်တန်းဒေသ)အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရေကြောင်းပညာတက္ကသိုလ်

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ရောက်ရှိကြရာ ပါမောက္ခချုပ်ဦးသိန်းထွန်းနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရေကြောင်းပညာတက္ကသိုလ်ခန်းမဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ ကျောင်းသားများ လက်ခံသင်ကြားနေမှုအခြေအနေ၊ သင်တန်းနှစ်အလိုက် အထူးပြုဘာသာရပ်များ သင်ကြားနေမှု၊ အထူးပြုဘာသာရပ်အလိုက် ဆရာ ဆရာမများ ခန့်ထားမှု၊ ပြည်ပသို့သင်တန်းများစေလွှတ်ခဲ့မှုနှင့် ဆက်လက်စေလွှတ်ရန် စီစဉ်ထားမှု၊ ကျောင်းအဆောက်အအုံများ တည်ဆောက်ထားမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ Power Point ဖြင့်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ကျောက်တန်းမြို့ ရေးဟောင်း သမိုင်းဝင် ဆံတော်ရှင် ကျိုက္ကမော့ တောင်ပေါ်စေတီအာရုံခံ တန်ဆောင်း၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဂဝံယဉ်ကျေးမှု ထွန်းကားခဲ့သော ပါဒကြီးဒေသနှင့် ဇုတ်သုတ်ဒေသ၌ ဂဝံယဉ်ကျေးမှု အထောက်အထားများ ရှာဖွေဖော်ထုတ်သုတေသနပြုနေမှုကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

စက်မှုဇုန်လုပ်ငန်းများ စနစ်တကျဖြစ်ထွန်းရေး လွန်စွာအရေးကြီး

– စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှသာ နိုင်ငံတော်၏ စီးပွားရေးအရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းမှာဖြစ်သည့်အတွက် စက်မှုဇုန်လုပ်ငန်းများ စနစ်တကျဖြစ်ထွန်းရေးသည် နိုင်ငံတော်၏ စီးပွားရေးအတွက် လွန်စွာအရေးကြီး၊

– တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် မြန်မာနိုင်ငံအတွင်း စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြ။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ Training of the Trainers အစီအစဉ်အရ မဟာဘွဲ့လွန်သင်တန်း တက်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံသို့ ခေတ္တပြန်လည်ရောက်ရှိနေကြသည့် ဆရာ ဆရာမများက တစ်ဦးချင်း ဂါရဝပြုမိတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ မဟာဘွဲ့လွန် သင်တန်းတက်ရောက်နေကြသည့် ဆရာ ဆရာမများကိုယ်စား Nautical Science ဘာသာရပ်ဖြင့် မဟာဘွဲ့လွန် သင်တန်းတက်ရောက်နေသည့် ဦးထင်အောင်ကျော်က ကျေးဇူးတင်စကားပြောကြားပြီး ဂါရဝလက်ဆောင်ပေးအပ်သည်။

ဦးစားပေးဆောင်ရွက်

ယင်းနောက် Golden Flower Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွေးက Theatre၊ Work Shop၊ ရေယာဉ်တည်ဆောက်ရေးရုံ၊ ဝန်ထမ်းအိမ်ရာများ၊ ပစ္စည်းသိုလှောင်ရုံနှင့် ယာဉ်ရပ်နားလွင်ပြင်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ရှိလိုအပ်ချက်အရ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဦးစားပေးပြီး Master Planအတိုင်း လိုအပ်ချက်အပေါ်မူတည်ပြီး လိုအပ်ချက်အလိုက် ဆက်လက်ဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ မဟာဘွဲ့လွန် သင်တန်းတက်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံသို့ ခေတ္တပြန်လည်ရောက်ရှိနေကြသည့် ဆရာ ဆရာမများက ဗုဒ္ဓဘာသာဓလေ့ထုံးစံနှင့်အညီ ဂါရဝပြု ကန်တော့ကြသည်။

အားထုတ်ကြိုးစားလေ့လာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာတော်သင် ဆရာ ဆရာမများအား ယခုကဲ့သို့ အဆင့်မြင့်ပညာရပ်များ ပြည်ပတွင် ဆက်လက်လေ့လာသင်ယူခွင့်ရရှိသည့် အချိန်အခါတွင် မိမိတို့ လေ့လာသင်ယူရသည့် ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင် အားထုတ်ကြိုးစားလေ့လာကြရန် မှာကြားလိုကြောင်း။

မိမိတို့သင်ယူတတ်မြောက်လာမည့် အဆင့်မြင့်ပညာရပ်များကိုလည်း နိုင်ငံတော်အကျိုး ဖြစ်ထွန်းစေမည့် တိုင်းကျိုးပြည်ဆောင် လုပ်ငန်းများတွင် ထိရောက် အကျိုးရှိစွာ အသုံးချသွားမည်၊ နောင်အနာဂတ်ကာလတွင် အမိရေကြောင်းပညာတက္ကသိုလ်ကြီးက ရေကြောင်းနှင့်ရေယာဉ်ဆိုင်ရာပညာရပ်များ တတ်သိကျွမ်းကျင်သည့် မျိုးဆက်သစ် အသိပညာရှင်များ မွေးဖွားသန့်စင်ပေးရန်အတွက် မိမိတို့တွင် တာဝန်ရှိသည့်အလျောက် ယင်းသို့မျိုးဆက်သစ်ပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ ကျေးဇူးကို ပြန်လည်ပေးဆပ်မည်ဆိုသည့် သဘောထားခံယူချက်ဖြင့် ကြိုးစားအားထုတ်လေ့လာသင်ယူကြရန် မှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပင်မဆောင်တတိယထပ်ရှိ e-Resource Centreသို့သွားရောက်၍ iP Starတပ်ဆင်ထားပြီး Internet နှင့် Ship Design Software, Engineering Application Softwares များအသုံးပြု၍ ကျောင်းသားများ၏ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် အတွင်းရှိ စာသင်ဆောင်များနှင့် ကျန်းမာရေးဆေးခန်းကို လည်းကောင်း၊ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်နှင့် Silver Wave Trading Ltd. တို့၏ နည်းပညာလွှဲပြောင်းမှုအစီအစဉ်အရ တည်ဆောက်ဆဲနှင့် ဆက်လက်တည်ဆောက်မည့် FRP ရေယာဉ်ပုံစံများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ယာယီအလုပ်ရုံသို့ သွားရောက်၍ ရေယာဉ်တည်ဆောက်ထုတ်လုပ်ရန်အတွက် မိုသွန်းလောင်းမည့်ပုံစံခွက်များ ပြုလုပ်ထားမှုကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လူစီးမြစ်ကြောင်းသွားအမြန်ရေယာဉ်၊ ကမ်းရိုးတန်းသွား အမြန်ရေယာဉ်၊ Police Patrol Boat၊ မီးသတ် Fibre Boat နှင့် Navy Boat များတည်ဆောက်ရေးအတွက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် Silver Wave Trading Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံအမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်၍ မဟာဘွဲ့လွန်သင်တန်း တက်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံသို့ ခေတ္တပြန်လည်ရောက်ရှိနေကြသည့် ဆရာ၊ ဆရာမများအား မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ တွေ့ဆုံအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ညနေ၃နာရီတွင် ကျောက်တန်းမြို့ ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက္ကမော့တောင်ပေါ်စေတီသို့ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုပြီး အာရုံခံတန်ဆောင်းသို့ရောက်ရှိကာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား အာရုံခံတန်ဆောင်း၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဂဝံယဉ်ကျေးမှုထွန်းကားခဲ့သော ပါဒကြီးဒေသနှင့် ဇုတ်သုတ် ဒေသတို့တွင် ရှေးဟောင်းသုတေသနဦးစီးဌာနက သုတေသနပြု ဖော်ထုတ်ဆောင်ရွက်နေမှု၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်အတွင်း ပါဒကြီးဒေသဝန်းကျင်၌ ဂဝံယဉ်ကျေးမှု အထောက်အထားများကို ရှာဖွေဖော်ထုတ် သုတေသနပြုရန်အတွက် ၂၄ နေရာ ကွင်းဆင်းတူးဖော်ဆောင်ရွက်နေမှု၊ ၂၀၀၂ ခုနှစ်မှစတင်၍ တူးဖော်လျက်ရှိသည့် နေရာလေးနေရာတွင် ရှေးဟောင်းဂဝံယဉ်ကျေးမှုလက်ရာများဖြစ်သည့် ဂဝံရုပ်ပွားတော်များ၊ ဂဝံကျောက်တိုင်လုံးကြီးများတူးဖော်တွေ့ရှိမှုတို့ကို ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ရှင်းလင်းတင်ပြသည်။

သမိုင်းကြောင်းပြန်လည်ဖော်ထုတ်

ဆက်လက်၍ ရှေးဟောင်းသုတေသနဦးစီးဌာနမှ သုတေသနအရာရှိ ဦးသန်းဇော်ဦးက ရှေးဟောင်းဂဝံယဉ်ကျေးမှုထွန်းကားခဲ့သည့် ပါဒကြီးဒေသမှ ကုန်းဟောင်းများတွင် ရှေးဟောင်းသုတေသန တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောက်တန်း ပါဒကြီးဒေသအတွင်း ဂဝံဗုဒ္ဓရုပ်ပွားတော်များနှင့် ရှေးဟောင်းသိမ်များ တူးဖော်တွေ့ရှိမှုများကိုလည်းကောင်း၊ ရှေးဟောင်း သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်က ဂဝံယဉ်ကျေးမှုထွန်းကားခဲ့သော သမိုင်းကြောင်းအထောက်အထားများအား ရှာဖွေဖော်ထုတ်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဂဝံယဉ်ကျေးမှု ထွန်းကားခဲ့သော ဒေသအသီးသီးတို့မှ သုတေသနပြုတွေ့ရှိသည့် ရှေးဟောင်းအထောက်အထားများကို စနစ်တကျမှတ်တမ်းတင်ထားရှိရေး၊ တူးဖော်တွေ့ရှိချက်များကို စာတမ်းများပြုစုထားရှိရေး ဆွေးနွေးမှာကြားပြီး နှစ်ပရိစ္ဆေဒကြာမြင့်သဖြင့် သမိုင်းပျောက်ပြီး ဒဏ္ဍာရီဖြစ်နေရသည့်ဖြစ်ရပ်များကို ခိုင်မာသည့်အထောက်အထားများ သုတေသနပြုပြီး သမိုင်းကြောင်းကို ပြန်လည်ဖော်ထုတ်သွားရန် ပြောကြားသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်အား လက်ယာရစ်တစ်ပတ်လှည့်လည်ဖူးမြော်ကြည်ညိုကာ ညနေ ၄ နာရီတွင် ကျောက်တန်းမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက္ကမော့တောင်ပေါ်စေတီတော်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

အသက်ရှည်စွာ အနာမဲ့ရေး (၂)

'ဦးဘချောတို့ပါလား၊ လက်ထဲမှာလဲအထုပ်ကိုယ်စီနဲ့ ကြွပါခင်ဗျာ၊ ကိစ္စကြီးငယ်ရှိလား၊ ကိစ္စကတော့ ဆရာပဲ အချက်သုံးချက် ကျန်သေးတယ်ဆို၊ ထပ်ဆွေးနွေးပါဦး။'

သြော်-ဟုတ်ကဲ့ **'မြတ်ဗုဒ္ဓဟောတဲ့ အသက်ရှည်ခြင်းအကြောင်းတရား တတိယအချက်ကတော့ အစားအစာကို မှီဝဲသုံးဆောင်ရာမှာ ကြေခဲကျက်ခဲတဲ့ အစာကြမ်းတွေကို ရှောင်ပြီး ကြေလွယ်ကျက်လွယ်တဲ့အစားအစာကို မှီဝဲ သုံးဆောင်ရမယ်တဲ့ ခင်ဗျ။ ပါဠိလိုတော့ (ပရိဏာတဘောဇီစဟောတု)ပါတဲ့။'**

'ဟုတ်တာပေါ့ဆရာရဲ့၊ ကျွန်တော်တို့ ဒုလ္လဘခံတုန်းက တောင်ပုလုဆရာတော်ကြီးက အစာကို ကြေအောင်ဝါးခိုင်းတယ်၊ ထမင်းလုတ်တိုင်း အကြိမ် ၃၀ ဝါးပြီးမှ မျိုချခိုင်းတယ်။'

'ဦးဘချောကလဲ လုပ်ရှော့မယ်၊ ဆရာတော်မိန့်တာက အမှတ်သဘောနဲ့ စားရင်စားတယ်၊ ဝါးရင်ဝါးတယ်၊ မျိုရင်မျိုတယ်ကို သတိလက်မလွတ်အောင် လို့ပါ'ဟု ဦးစံမောင်က ဝေဖန်သည်။

'နှစ်ယောက်စလုံး မှန်ပါတယ်လို့ သဘောပေါက်နိုင်ပါတယ်။ ပါးစပ်ထဲမှာ ကြာကြာဝါးတော့ စားတဲ့အစာက ကြေပြီးညက်သွားတဲ့အပြင် ပါးစပ်အတွင်းမှာရှိတဲ့ အင်ဇိုင်းဓာတ်ကလဲ ရောနှောပါဝင်ဓာတ်ပြုပြီး အစာကြေချက်ခွင့် အချိန်ပိုရတော့ အစာအိမ်လုပ်ဆောင်ရာမှာ သက်သာတာပေါ့။ အမှတ်နဲ့ဝါးတော့ ပစ္စုပ္ပန်တည့်တည့်ရှုရာ ရောက်ပါတယ်။ ဒါ့အပြင် အကြိမ် ၃၀ လောက်ဝါးလိုက်ရင်ပဲ ကိုယ့်ဝါးဖတ်ကို ကိုယ်မသတိတဲ့စိတ်ဝင်လာပြီး ပျို့ချင် အန်ချင်လာတတ်ပြန်တယ်။ ဒီတော့ ပျို့ချင်အန်ချင်စရာအစားအစာတွေနဲ့ ဖြစ်တည်နေလာတဲ့ ခန္ဓာကိုယ်အကောင်ကြီးကို ရွံ့မုန်းစရာပါလားဆိုတဲ့ သဘောတရားတွေဝင်လာပြီပေါ့။ မိမိအချစ်ဆုံးလို့ထင်ရတဲ့ မိမိခန္ဓာကိုယ်ကိုတောင် ရွံ့မုန်းလာရင် အခြားတပ်မက်စရာတွေလဲ ပြယ်ကုန်မယ်။ အဲဒီတော့ လောဘ၊ ဒေါသပယ်ပြီးသားဖြစ်၊ အမှတ်နဲ့စားတော့ မောဟပယ်ပြီး စိတ်ရဲ့ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရတာဟာ အကောင်းဆုံး အသက်ရှည်ဆေးတစ်ခွက်လို့ပဲ ယူဆမိပါတယ်။'

'ဟုတ်လိုက်လေဗျာ၊ ဘုရားဟောတိုင်းဟာ တရားဖြစ်တော့တာပါပဲ။ ကြေခဲကျက်ခဲသောအစာကိုသာ စားရာ၏လို့ ဆိုးငြားသော်လဲ နေ့တိုင်း၊ နေရာတိုင်း၊ လူတိုင်း ဘယ်တတ်နိုင်ကြပါ့မလဲ။ ကြေခဲကျက်ခဲတဲ့အစာဆိုရင် ကြာကြာဝါးတော့ တရားဖြစ်တာပေါ့နော်။ အခုကျွန်တော်ယူလာတဲ့ မုန့်ပျားသလက်ကိုလဲ ဒါနလေးမြောက်သွားအောင် ကြာကြာဝါးပြီး အားပေးလိုက်ပါဦး။ စားတော်ပဲနဲ့ ကြက်သွန်မိတ်နဲ့ သေသေချာချာလုပ်ခိုင်းပြီး ဝယ်လာတာပါ။ နောက်ပြီးတော့မှ အစာကြေအောင် ထန်းလျက်ခဲနဲ့ ပိတ်ကြတာပေါ့။ ဟုတ်ပါပြီဗျာ၊ အကယ်၍များ အကြောင်းမညီညွတ်လို့ ကြေခဲလွယ်တဲ့အစာကို စားမိပြီးရင်ကော ဘယ်လို လုပ်သင့်သလဲဗျာ။ စားတော့စားမိကြမှာပဲ' ဦးစံမောင်က ဝင်ထောက်ပါသည်။

'လွယ်ပါတယ်ဗျာ့၊ ရေနွေးနွေးလေးသောက်လိုက်ပေါ့။ ပိုကောင်းတာက ပျားရည်လေးတစ်ဇွန်း ရေနွေးနွေး ဖန်ခွက်တစ်ဝက်လောက် ရောသောက်လိုက်၊ ရေနွေးကလဲ အစာကြေစေတယ်၊ ပျားရည်မှာပါတဲ့ တေဇောဓာတ်ကလဲ အစာကြေကျက်မှုကို အထောက်အကူပြုတယ်၊ ဝါယောဓာတ်ကလဲ အောက်ကိုသက်စေတယ်၊ အချို(အာပေါ)ဓာတ်ကလဲ အားဖြစ်စေတယ်။ ကျွန်တော့်ကလေးတွေ မွေးစကတည်းက နို့မစို့တတ်ခင် ပျားရည်ကို နှုတ်ခမ်းပွတ်ပေးလိုက်တာပဲ။ လေနာလဲ ကင်းတယ်'ဟု ဦးလေးချစ်က ဆွေးနွေးပါသည်။

'မှန်ပါတယ်ခင်ဗျ၊ ရေမှာလဲ ရေအေးနဲ့ရေနွေး ဂုဏ်သတ္တိ အလွန်ကွာခြားလှပါတယ်။ ကောင်းစွာကျိုချက်ထားပြီး မပူလွန်း မအေးလွန်းတဲ့ ရေနွေးက ဝမ်းမီးတောက်စေသည်၊ အစာကိုကြေစေသည်၊ လည်ချောင်းကိုသန့်ရှင်းစေသည်၊ ချွဲသလိပ်ကြေစေသည်။ ဆီးကိုရွှင်စေသည်၊ ဆီးအိမ်ကိုသန့်ရှင်းစေသည်။ ထို့ကြောင့် ချောင်းဆိုး၊ ပန်းနာ၊ သလိပ်ပွ၊ လေပွ၊ အစာမကြေ၊ ကြို့ထိုး၊ ဝမ်းဖောဝမ်းရောင်ရောဂါများအတွက်ကောင်း၏လို့ ကြားဖူးပါတယ်။ ရေအေးကတော့ မူးဝေခြင်း၊ တွေဝေမိန်းမောခြင်း၊ ပင်ပန်းခြင်း၊ ပူလောင်ခြင်း၊ အော့အန်ခြင်း၊ စမြင်းထိုးခြင်း၊ အပူဖျားခြင်းတို့ကိုနိုင်၏။ ထို့ကြောင့် အရက်မူးလွန်လို့၊ ဒါမှမဟုတ် နှလုံးပင်ပန်းအားကြီးလို့ အမောဆို့ မေ့မျောနေရင် ရေအေးအေးနဲ့ မျက်နှာရယ်၊ နောက်ကျောကုန်းရယ် ဆွတ်ပေးရင် အမူးအမေ့ ပြန်ကောင်းလာနိုင်ပါတယ်။'

'ဆရာရေ ဆောင်ရန်ရှိရင် ရှောင်ရန်လဲ ရှိမှာပေါ့၊ ဆက်ဆွေးနွေးပေးပါဦး။'

'ပိုတိကျအောင် ဖတ်ပြပါ့မယ်။

ရေသောက်ရာ၌သိမှတ်ဖွယ်ရာအဖြာဖြာ

(၁) ရေကိုလိုအပ်သည်ထက် ပိုမသောက်ပါနှင့်၊(ဝမ်းမီးနှံ့ခြင်းဖြစ်စေတတ်သည်)
(၂) ရေဆာသည်ဆို၍ အလွန်အကျူး မသောက်ပါနှင့်၊ (အဖျားနှင့် ရေငတ်ဝမ်းကျ ဖြစ်စေတတ်သည်)
(၃) ရေကို မနည်းလွန်း မများလွန်း မယုတ်မလွန်သာ သောက်သင့်သည်၊
(၄) ရေအပြောင်းအလဲသောက်ခြင်းမျိုးရှောင်ပါ၊ (ရေအေးသောက်ပြီးစတွင် ရေနွေးသောက်ခြင်း၊ ရေနွေးသောက်ပြီးစတွင် ရေအေးသောက်ခြင်းများသည် လူကိုများစွာ ဥပဒ်ဖြစ်စေတတ်၏။ အဘယ်ကြောင့်ဆိုသော် ဥတုသန္ဓိ ဖြစ်သောကြောင့်တည်း)
(၅) အစာမစားမီ ရေမသောက်သင့်၊
(၆) ရေငတ်လျှင် ရေအေးကိုသာသောက်ပါ၊ အခြားတစ်စုံတစ်ရာ စားသောက်ဖွယ်ရာများ မစားသောက်ပါနှင့်၊
(၇) ထမင်းစားနေစဉ် ရေအေးကိုမသောက်ပါနှင့်၊ (ဝမ်းမီးနှံ့စေတတ်သည်)
(၈) နံနက်မျက်နှာသစ်ပြီး ညသိပ်ရေကို အရွယ်နှင့်လိုက်၍ အစိတ်သားခန့် သောက်ပေးရ၏၊
(နံနက်စောစော သောက်သောရေသည် အပူ၊ အပုပ်၊ အခိုးများ စင်ကြယ်စေ၏၊ ရောဂါများကို ကင်းစင်စေ၏၊ အနာပေါက်ခြင်းမှလည်း ကင်းစင်စေ၏)
(၉) ဆံဖြူ၊ သွားကျိုး မျက်စိမွဲမဖြစ်စေဘဲ အသက်ရှည်စေနိုင်၏၊
(၁၀) ခရီးရှည်သွားသူ၊ ဥပုသ်စောင့်သူ၊ ပြင်းထန်စွာရယ်မောပြီးစ ရေငတ်သူ၊ ကြောက်ထိတ်လန့်သူ၊ ဒေါသပြင်းစွာထွက်ပြီးစ သူများသည် ရေအေးကို သောက်ရမည်။

ဒေါက်တာလှခင်ကို

ရေနွေးသောက်ရာ၌ သိမှတ်ဖွယ်ရာအဖြာဖြာ

(၁) လေနာရောဂါရှိသူများသည် ထမင်းစားပြီးနောက် ရေနွေးကိုသောက်ပါ၊
(၂) လွန်စွာ အအေးများသောသူ၊ အအေးကြောင့် ရောဂါဖြစ်သူများ ရေနွေး ကျက်ကျက်ပူပူကိုသာ သောက်ပါ၊
(၃) အဆီအသားတိုးပွား၍ ဝလွန်းသူများ ထမင်းစားပြီးနောက် ရေနွေးတွင် ပျားရည်နှင့် ရှောက်၊ သံပရာရော၍ သောက်ပါ၊
(၄) ရေငတ်ဝမ်းကျဖြစ်နေသူများ ထမင်းဆုပ်ကိုမီးကျက်အောင် ဖုတ်၍ ၎င်းကို ရေနွေးနှင့်စိမ်ပြီး သောက်ပါ၊ (သကြားချိုချိုနှင့် ရောစပ်သောက်နိုင်သည်)၊
(၅) အပူငုပ်၍ ဝမ်းပျက်ဝမ်းရောင်နေသူများ ရေနွေးတွင် ထုံးမှုန့်ထည့်၍ ၎င်းရေအကြည်ကို သောက်ပါ၊ (ရေ ၂၀ ကျပ်သားတွင် ထုံးမှုန့် ရှစ်ပဲသားခန့်)

မှတ်ချက်။ ။ တစ်ညသိပ်ပြီးသော ရေနွေးသည် အဆိပ်ကဲ့သို့ အဖြစ်ရှိသည်ဟု ဆေးကျမ်းများတွင် ဆိုထားသောကြောင့် ညသိပ်ရေနွေးကို မည်သည့်အခါမျှ မသုံးသင့်ချေ။ အဘယ်ကြောင့်ဆိုသော် နေ့နှင့်ည ဥတုပြောင်းလဲပြိုင်ဆိုင်နေမှုသည် ထိုရေနွေး၌ ပါဝင်ကိန်းအောင်းလာသောကြောင့်တည်း။'

'ဘုရားဟောတဲ့ ဒီအချက်ကိုလဲ လိုက်နာကျင့်ဆောင်နေထိုင်သွားမယ်ဆိုရင် နောက်ထပ် ငါးနှစ်ထပ်အသက်ရှည်ဦးမှာပေါ့နော် ဦးဘချော။ ဒီလိုဆို ၈၅ နှစ်ဗျ။'

'ဦးစံမောင်တွက်သလို တစ်ချက်လိုက်နာတိုင်း ငါးနှစ်ထပ်တိုးနေတာတော့ ကောင်းပါရဲ့၊ ဒါပေမယ့် အသက်တိုခြင်း၊ ရှည်ခြင်းက အတိတ်ဘဝက သီလ၊ ယခုဘဝသီလနဲ့လဲ ဆိုင်တယ်နော်။ ဟုတ်တယ်မို့လားဆရာရဲ့။'

'ဦးလေးချစ်ပြောတာ မှန်ပါတယ်ခင်ဗျာ။ **မြတ်ဗုဒ္ဓဟောတဲ့ စတုတ္ထအချက်က သူ့အသက်ကိုမသတ်ခြင်း၊ သူ့ဥစ္စာကိုမခိုးခြင်း၊ သူများသားမယားသားသမီးကို မကျူးလွန်မဖျက်ဆီးခြင်း၊ သူတစ်ပါးဒုက္ခရောက်အောင် လိမ်ညာမပြောခြင်း၊ အရက်သေစာ မူးယစ်သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ သီလငါးပါးနဲ့ ပြည့်စုံရမယ်တဲ့။ ပါဠိလိုတော့ သီလဝါစ-တဲ့။** ငါးပါးသီလတော့ လူတိုင်း ခါးဝတ်ပုဆိုးမြဲသင့်တာပေါ့။'

'ဒီလိုတော့ လွယ်လွယ်မပြောနဲ့ ဦးစံမောင်၊ ခင်ဗျားတို့ ကျွန်တော်တို့ ဒီအရွယ်ရောက်လာကြပါပြီ၊ ဘုန်းကြီးတိုင်ပေးလို့ ဝေရမဏီ-ရှောင်ကြဉ်ပါမည်ဟူသော။ သိက္ခာပဒံ-ဤသိက္ခာပုဒ်တော်ကို။ သမာဒိယာမိ-ကောင်းစွာ ဆောက်တည်ပါမည်ဘုရားဟု ဆိုခဲ့တာလဲ အကြိမ်ကြိမ် ရာနဲ့ချီနေပြီ။ အခုထက်ထိ ခြင်၊ ယင်တွေကို သတိလက်လွတ် သတ်မိနေတုန်းပဲ။ ငယ်ငယ်တုန်းကဆို ပိုဆိုးတာပေါ့ဗျာ၊ အပေါင်းအသင်းနဲ့တွေ့ရင် အသောက်အစားလေးက ပါလာ ပြန်ရော။' ဦးလေးချစ်က ဆိုပါသည်။

'ဟုတ်တယ်ဗျ၊ လူငယ်လူရွယ်ဘဝမှာ တစ်ပါးသီလ ထိန်းနိုင်ရင်ကိုပဲ ဘယ်လောက် ဂုဏ်ကျက်သရေရှိပြီး အကျိုးများလှတယ်ဆိုတာ ဆရာကြီးဦးသုခရဲ့ တစ်ပါးသီလ ရုပ်ရှင်ကားက အထင်အရှား သင်ခန်းစာပေးတာပဲလေ။ ခက်တော့ခက်တာပေါ့၊ ဒါပေမယ့် သန္နိဋ္ဌာန်စိတ်နဲ့ အမြဲသတိတရားလက်ကိုင်ထားပြီး နေသွားနိုင်မယ်ဆိုရင် ငါးပါးသီလလဲ ကြီးငယ်မဟူ လုံခြုံနိုင်ပါတယ်။'

'ဟုတ်ပါတယ် ဦးလေးတို့ခင်ဗျာ၊ နဂါးရုံဆရာတော်ကြီး(အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရ)မိန့်တဲ့ ပုံပြင်လေးတစ်ခု သတိရမိပါတယ်။ သီလနဲ့ပတ်သက်တဲ့ ပုံပြင်လေးပေါ့။'

'ဆက်ပါဦးဆရာ။'

'အမရဏပူရမြို့သားတစ်ယောက် ဒိသာပါမောက္ခဆရာကြီးဆီမှာ ပညာသွားသင်သတဲ့။ ဒီလူငယ်ဟာ ငါးပါးသီလကို တကယ့်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲတယ်ဆိုပဲ။ တစ်နေ့မှာ ဆရာကြီးဆီက စာချွန်လွှာနဲ့ ဆက်သားက အမရဏပူရမြို့သား လူငယ်ရဲ့မိဘများဆီကို ရောက်လာပါတယ်။ စာထဲမှာ ၎င်းတို့ရဲ့သား သေဆုံးလို့ လိုက်လာဖို့အကြောင်းပါပဲ။ မိဘဖြစ်သူများက ဆက်သားနဲ့ပဲ အမှာစကားပါးလိုက်ပါတယ်။ သူတို့မယုံကြည်နိုင်ကြောင်း၊ ဒါကြောင့် မလိုက်လာလိုကြောင်းပေါ့။ နောက် ၁၀ ရက်ကြာတော့ ဆရာကြီးဆီက ဆက်သားနောက်တစ်ခေါက် ရောက်လာပြီး ၎င်းတို့ရဲ့သား သင်္ဂြိုဟ်ပြီးစီးလို့ အရိုးနဲ့ပြာများကို အိုးထဲထည့်ပို့စေပါတယ်။ ဒီတော့မှ မိဘများဟာ ဒိသာပါမောက္ခ ဆရာကြီးဆီ လိုက်သွားကြပါတယ်။ ရောက်တော့လဲ ဝမ်းနည်းကြေကွဲဟန်မပြဘဲ ဆရာကြီးနဲ့ တွေ့ပါတယ်။ ဆရာကြီးခင်ဗျာ၊ ကျွန်တော်ကျွန်မတို့သားကို အဘယ်မှာ ရှောင်ခိုင်ထားပါသနည်း။ ကျွန်မတို့သားသည် အရွယ်မလွန်မီ မည်သည့်နည်းနှင့်မျှ မသေနိုင်ပါ။ မီးဇာကုန်ဆီခန်း သက်တမ်းစေ့မှသာ သေမည်ဖြစ်ပါသည်။ ဤအရိုးပြာများမှာ တိရစ္ဆာန်တစ်ကောင်ကောင်မှသာ ဖြစ်တန်ရာပါသည်။ ကျွန်မတို့သားသာမက ကျွန်မတို့ တစ်မြို့လုံးဟာလဲ သက်တမ်းစေ့မှသာ သေဆုံးလေ့ရှိပါသည်။ သို့ကြောင့်(အ=မရှိ။ မရဏ=သေခြင်း၊ ပူရ=မြို့)သေခြင်းမရှိသောမြို့ဟုပင် ကင်ပွန်းတတ်ထားပါသည်။ ဤသည်၏အကြောင်းတရားမှာလဲ ကျွန်မတို့တစ်မြို့လုံး ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းကြသောကြောင့်ပင်ဖြစ်ပါသည်ဟု တည်တည်ငြိမ်ငြိမ် တင်ပြကြတယ်တဲ့။ ဆရာကြီးကလဲ ဒီစကားအားလုံးကို သူ့တပည့်အားလုံး (အမြို့မြို့အနယ်နယ် အတိုင်းတိုင်းအပြည်ပြည်က)ကိုကြားနာမှတ်သားစေပြီးမှ ငါးပါးသီလ ခါးဝတ်ပုဆိုးကဲ့သို့ မြဲသောသူတပည့်ကို ခေါ်စေပြီး မိဘများရှေ့မှောက်မှာပဲ သူတပည့်ကို ချီးကျူးသလို ဒီလိုသားမျိုးဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်သွန်သင်ဆုံးမပြခဲ့ကြတဲ့ မိဘနှစ်ပါးစလုံးကို အမြင့်မှာထိုင်စေပြီး သူကိုယ်တိုင်ဦးဆောင်ကာ မိဘဂုဏ်ကိုရည်မှန်းစေပြီး ဂုဏ်ပြုကန်တော့ကြတယ်လို့ ဟောဖူးပါတယ်။'

'ကြားရတာပီတိဖြာလိုက်တာ ဆရာရယ်၊ ကိုယ်တိုင် သားနေရက ဝင်ပြီးလိမ္မာပြချင်သလို မိဘနေရာကနေပြီး သားသမီးကို သွန်သင်ဆုံးမပြ ပြုစုပျိုးထောင်ပေးချင်လိုက်တာ။ ကိုယ့်သားသမီးတွေကို မေတ္တာတော့ အတိုင်းအဆမရှိ ပေးခဲ့ပါတယ်။ ပညာလဲသင်ပေးခဲ့တာပါပဲ။ သူတို့ကြိုးစားမှုနဲ့သူတို့ အထိုက်အလျောက်ပေါ့။ နောက်ဆုံးသူတို့သားကျွေးမှု၊ မယားကျွေးမှုလုပ်နိုင်ရင် ပြီးတာပါပဲလို့ စိတ်ထဲကမှတ်ယူကာ အမွေခွဲဝေပေးလိုက်တာနဲ့ နိဂုံးချုပ်လိုက်ကြတာပါပဲ။'

'ဟုတ်ကဲ့ခင်ဗျာ၊ ဒါကတော့ သာမန်လောကီထုတ်ပါတ် လူတို့ဇာတ်လို့ ဆိုရမှာပေါ့။ ငါးပါးသီလ စောင့်ထိန်းတဲ့သူ၊ မိသားစု၊ကျေးရွာ၊ မြို့နယ် စသည်ဖြင့် ဘယ်သူမဆို သက်တမ်းစေ့နေရရုံတင်မကပါဘူး၊ ဘယ်တော့မှ ဒုက္ခဆင်းရဲနဲ့ မကြုံရတဲ့အကြောင်း တောင်ပုလုဆရာတော်ကြီးနဲ့ ကျောက်ဆင်တောရ ဆရာတော်ကြီး အမြဲဟောကြားဆုံးမလေ့ရှိပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ ငါးပါးသီလ မခံယူမီမှာ သရဏဂုံဆောက်တည်ကြရတယ်။ ဘုရား၊ တရား၊ သံဃာကို ယုံကြည်မှုအပြည့်နဲ့ မိမိကိုယ်ကို လှူဒါန်းကြရတာလေ။ အဲဒီမှာ ပထမတန်းစားယုံကြည်မှု (အသက်-ရောဂါ-လာဘ်-စိန်ရွှေရတနာ) တွေကို စွန့်လွှတ်ပြီးယုံကြည်တာ၊ ဒုတိယတန်းစားယုံကြည်မှုကတော့ သရဏဂုံဆောက်တည်ချင်တဲ့စိတ်နဲ့ ဆောက်တည်တာ(ဘာကိုမှ မစွန့်လွှတ်၊မစွန့်စားရဘူး)၊ တတိယတန်းစားယုံကြည်မှုကတော့ သရဏဂုံဆောက်တည်မလားမေးတော့ မငြင်းချင်လို့ ဆောက်တည်တာ၊ အဲဒီဆောက်တည်မှုလေးနဲ့တင် အတိုင်းမသိ လောကီ လောကုတ် အကျိုးဖြစ်တယ်လို့ ဟောကြားပါတယ်။'

'နိပါတ်တွေ၊ဇာတ်တွေရှိရင် ဆက်ပါဦးဆရာရယ်၊ နောက်ထပ် ပီတိဖြစ်ရအောင်လို့။' 'ပထမတန်းစား အသက်ကိုစွန့်ယုံကြည်ရင် ဘယ်မျှ အကျိုးများမယ် ဆိုတာ စဉ်းစားကြည့်ဖို့ ချန်ခဲ့မယ်။ ဒုတိယတန်းစား ယုံကြည်တဲ့ ဒါယကာ တစ်ယောက်က သူရဲ့ မျက်မမြင် မိအိုဖအိုများကို လုပ်ကျွေးနေရလို့ ဘုရား တရား သံဃာ ဝေယျာဝစ္စမပြုနိုင်တဲ့အပြင် ဆင်းရဲလို့ ဘာကိုမှ မလှူဒါန်းနိုင်ဘူးတဲ့။ သို့သော် တစ်နေ့မှာ ရဟန်းတစ်ပါးနဲ့ကြုံလို့ သရဏဂုံဆောက်တည်ခွင့်ရပြီးမှ သေသွားတယ်။ ဒီအဖြစ်အပျက်က လွန်ခဲ့တဲ့ ၉၁ ကမ္ဘာက ဝိပဿီမြတ်စွာ ဘုရားလက်ထက်ကပါ။ သူသေလွန်တော့ သရဏဂုံတည်ခဲ့တဲ့ အကျိုးတစ်ခုတည်းနဲ့ သိကြားမင်းအကြိမ်(၈၀)၊ လူ့ပြည်မှာ စကြာမင်း (၇၅)ကြိမ်၊ (၉၁) ကမ္ဘာပတ်လုံး ကြိုးကြားကြိုးကြား ဧကရာဇ်မင်းဖြစ်လိုက်၊ လူပညာရှိဖြစ်လိုက်နဲ့ မြင့်မြတ်တဲ့ဘဝနဲ့သာ ကျင်လည်ပြီး ဂေါတမဘုရားလက်ထက်မှာ ခုနစ်နှစ်သားလေးနဲ့ ရဟန္တာဖြစ်ရတယ်တဲ့။ တတိယတန်းစား ယုံကြည်တဲ့ ဓမိက ဒါယကာ ကတော့ အနှစ် (၅၀)လုံးလုံး တံငါသည်အလုပ်နဲ့ အသက်မွေးနေခဲ့ရာက နေမကောင်းဖြစ်တဲ့တစ်နေ့မှာ ရဟန်းတစ်ပါး အိမ်ရှေ့မှာ ဆွမ်းလာရပ်တာမြင်တော့ သူ့ဇနီးကိုခေါ်ပြီး ဒီရဟန်းကို ငါမတွေ့မမြင်ဖူးဘူး၊ သူ့ကျေးဇူး

'ပါးစပ်ထဲမှာ ကြာကြာဝါးတော့ စားတဲ့အစာက ကြေပြီးညက်သွားတဲ့အပြင် ပါးစပ်အတွင်းမှာရှိတဲ့ အင်ဇိုင်းဓာတ်ကလဲ ရောနှောပါဝင်ဓာတ်ပြုပြီး အစာကြေချက်ခွင့် အချိန်ပိုရတော့ အစာအိမ်လုပ်ဆောင်ရာမှာ သက်သာတာပေါ့။ အမှတ်နဲ့ဝါးတော့ ပစ္စုပ္ပန်တည့်တည့်ရှုရာ ရောက်ပါတယ်။ ဒါ့အပြင် အကြိမ်၃၀လောက် ဝါးလိုက်ရင်ပဲ ကိုယ့်ဝါးဖတ်ကို ကိုယ်မသတိတဲ့စိတ်ဝင်လာပြီး ပျို့ချင် အန်ချင်လာတတ်ပြန်တယ်။ ဒီတော့ ပျို့ချင်အန်ချင်စရာ အစားအစာတွေနဲ့ ဖြစ်တည်နေလာတဲ့ ခန္ဓာကိုယ်အကောင်ကြီးကို ရွံ့မုန်းစရာပါလားဆိုတဲ့ သဘောတရားတွေ ဝင်လာပြီပေါ့။ မိမိအချစ်ဆုံးလို့ထင်ရတဲ့ မိမိခန္ဓာကိုယ်ကိုတောင် ရွံ့မုန်းလာရင် အခြား တပ်မက်စရာတွေလဲ ပြယ်ကုန်မယ်။ အဲဒီတော့ လောဘ၊ ဒေါသပယ်ပြီး သားဖြစ်၊ အမှတ်နဲ့စားတော့ မောဟပယ်ပြီး စိတ်ရဲ့ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရတာဟာ အကောင်းဆုံး အသက်ရှည်ဆေးတစ်ခွက်လို့ပဲ ယူဆမိပါတယ်။'

စာမျက်နှာ ... သို့

ဘဏ္ဍာ / အခွန်မိသားစု ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းတို့အားအမှူးထား၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ထမ်း မိသားစု၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်၅နာရီခွဲတွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ရွှေဦးစွာ မဟာဂန္ဓာရုံကျောင်း ဆရာတော် ဘဒ္ဒန္တ အဂ္ဂမဟာပဏ္ဍိတ အရှင်ပဏ္ဍာဝထံမှ ဝန်ကြီးနှင့်ဧည့်ပရိသတ်များက ရှစ်ပါးသီလခံယူတည် ဆောက်ကြပြီး သံဃာတော်အရှင်သူမြတ်တို့အား ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့် ဇနီးဒေါ်ခင်သန်းဝင်း **(အပေါ်ပုံ)**၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် ဇနီးဒေါ်သီတာဝင်း၊ ဌာနအကြီးအကဲများနှင့်ဇနီးများ၊ ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းကြသည်။

တရားတော်နာယူ

ထို့နောက် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။ ဆက်လက်၍ မဟာဂန္ဓာရုံကျောင်း ဆရာတော်ဘဒ္ဒန္တ အဂ္ဂမဟာပဏ္ဍိတ အရှင်ပဏ္ဍာဝထံမှ ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ကြွရောက်လာကြသော ဧည့်ပရိသတ်များက တရားတော်များနာယူကြသည်။

(သတင်းစဉ်)

ဇလွန်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၅

ဇလွန်မြို့နယ်အသင်း (ရန်ကုန်)၏စတုတ္ထအကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၂၉ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် အသင်းတိုက် တည်ရာအမှတ်(၇၇)စမ်းချောင်းလမ်း စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌဦးလှမြင့် (ကေသီပန်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) ဖုန်း-၅၁၀၀၃၁၊ ၅၁၀၃၆၇ နှင့် ၅၁၀၆၁၇၊ အတွင်းရေးမှူး ဦးညွန့်မောင် ဖုန်း-၅၄၀၂၇၀၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဘမြင့်သူ ဖုန်း-၆၁၀၀၀၄နှင့် ဦးသိန်း ဖုန်း-၅၈၄၁၉၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

သထုံအသင်းမှ သိရီဝေလာ ပရိယတ္တိစာသင်တိုက်၌ ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ဝါဆို သင်္ကန်းကပ်လှူပွဲ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရ သထုံဆရာတော်ကြီးများအား ဂုဏ်ပြုပွဲနှင့် အသက် ၇၅နှစ်အထက် အသင်းသား အသင်းသူများအား ပူဇော်ကန်တော့ပွဲကို ဇူလိုင် ၂၅ ရက်က စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားဝင်းရှိ သဒ္ဓိသုခမ္မောရုံကြီး၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ဆရာတော်ထံ ဝါဆိုသင်္ကန်းကပ်လှူစဉ်။

(မြန်မာ့အလင်း)

မင်္ဂလာဒုံမြို့နယ် ပလရရပ်ကွက် ကြူစမ်းရွာ သီတာရုံကျောင်းတိုက်၌ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ပူဇော်ပွဲအခမ်းအနားကို ဇူလိုင်၂၄ရက်က ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသာရဆရာတော်ကြီးများအား ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ် တပ်မှူးဗိုလ်မှူးကြီးဝင်းနောင်နှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)

ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၁၅)ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၂၅

နိုင်ငံတော်က အသစ်ဖွင့်လှစ်လိုက်သော ကျောက်ထုလေဆိပ်နှင့် ဘုတ်ပြင်းလေဆိပ်တို့၏ ဖွင့်ပွဲအခမ်းအနားများ ပုံရိပ်မျက်နှာဖုံးဖြင့် "ဝံသာနု"သတင်းလွှာ အတွဲ (၁၃)၊ အမှတ် (၁၅) ကို ထုတ်ဝေလိုက်သည်။**(ယာပုံ)**

"ဝံသာနု"သတင်းလွှာတွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာရှင်များက စာအုပ်စာတမ်းလှူဒါန်း၊စက်လှေပေါ်ရောက် အကောက်ခွန်မဲ့ စားအုန်းဆီများ၊ ပြည်သူပိုင်ကျွန်းသစ်ခိုးယူသူများ ဖော်ထုတ်ဖမ်းဆီး၊ ကြို့ပင်ကောက်မြို့နယ်အတွင်း တောဆင်ရိုင်းများ သောင်းကျန်း၊ တံတားကျိုးပြီး မြေထိုးစက်နှင့် ချောင်းထဲကျသွားသူ၊ မိုးသက်လေပြင်းကျရောက်သဖြင့် ငါးဖမ်းရေယာဉ်နစ်မြုပ်၊ လူမှောင်ခိုတို့၏ ဖြားယောင်းသွေးဆောင်ခြင်းခံရသော ကလေးငယ်နှစ်ဦး၊ ဆင်ဆာမဲ့ဗွီစီဒီသီချင်းခွေများစသော ပြည်တွင်းသတင်းများနှင့် အရက်သေစာ သောက်စားခြင်းကို ဗြိတိန်၏ ဖက်ရှင် ရောဂါသစ်အဖြစ်ကြုံတွေ့လာ၊ ဇန်ကောက်မှာ ဆေးမင်ကြောင်ထိုးသော ဟောလိဝုဒ်မင်းသမီး၊ ကျူးဘားကို စစ်ပြုရန် ပြင်ဆင်နေသော အမေရိကန် ခြေလှမ်းကို ရပ်သိမ်းရန် ကျူးဘားသမ္မတက သတိပေး၊ အမေရိကန်မဟာမိတ် ဆော်ဒီအာရေဗျနိုင်ငံအတွင်းသို့ အကြမ်းဖက်သမားများပစ်မှတ်ထားတိုက်ခိုက်၊ အီရန်ရေပိုင်နက်အတွင်း ဗြိတိသျှစစ်သင်္ဘောသုံးစင်း ကျူးကျော်ဝင်ရောက်၊ အီရတ်စစ်မြေပြင်ရောက် ဗြိတိသျှတပ်ဖွဲ့ဝင်တို့၏ အခြေအနေကို မကျေနပ်သည့် ဗြိတိသျှဗိုလ်ချုပ်ကြီး ရာထူးမှနုတ်ထွက်၊ ချေချင်းညာခွဲထွက်ရေး သူပုန်များနှင့် ရုရှားတပ်များ ပြင်းထန်စွာ တိုက်ပွဲဖြစ်၊ မတည်ငြိမ်သော အီရတ်မြေ၊ အမေရိကန်တပ်ဖွဲ့ဝင်များအား အဘူဂါရက်အကျဉ်းစခန်းမှ အီရတ်အကျဉ်းသားများ နှိပ်စက်မှုနှင့် ခုံရုံးတင်စစ်ဆေး အပါအဝင် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ် (၄၁) ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပါရမီ မြစပယ်လမ်း အမှတ် ၄၀/၄နေ ဦးကံညွန့်၊ ဒေါ်စန်းရှင် မိသားစုက ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

လယ်တီဝိပဿနာတရားနာယူနိုင်

ရန်ကုန် ဇူလိုင် ၂၅

မော်လမြိုင်မြို့ မောင်ငံရပ် ပရိယတ္တိပညာရာမကျောင်းတိုက်တွင် ၁၃၆၆ခုနှစ် ဝါတွင်းသုံးလပတ်လုံး နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ လယ်တီ သမထ ဝိပဿနာတရားများကို ဘဒ္ဒန္တ ရာဇိန္ဒ (လယ်တီကမ္မဋ္ဌာနာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ) က ဟောပြောပြသပေးမည် ဖြစ်ကြောင်းသိရသည်။

(က-ပ)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ကိုယ့်ကျေးဇူးလဲ မရှိခဲ့ဘူး၊ ဒါကြောင့် ဘာအလှူခံခံ မလှူနဲ့လို့ ပြောခိုင်းတယ်။ ဒါယိကာမက ကန်တော့ဆွမ်းပါဘုရားလို့ လောင်းလိုက်တော့ ဒါယကာကြီးကော ဘယ်လိုနေသလဲ ပြန်မေးတယ်။ အားနည်းနေပါတယ်ဘုရား ဖြေပြီးတော့ သရဏဂုံမဆောက်တည်ချင်ဘူးလားလို့ မေးလိုက်ပါလို့ဆိုတော့ ပြန်မဖြေချင်တာနဲ့ ခေါင်းညိတ်ပြလိုက်တယ်။ ဒီတော့ ရဟန်းက သရဏဂုံပေးတာပေါ့၊ သရဏဂုံဆုံးလို့ ငါးပါးသီလအစမှာ ဒါယကာကကွယ်လွန်သွားပြီး စတုမဟာရာဇ်နတ်ဘုံကိုရောက်သွားတယ်။ အကျိုးအကြောင်း ဆင်ခြင်တော့ ရဟန်းရဲ့ကျေးဇူးကိုမြင်ပြီး လာရောက်ကန်တော့လျှောက်ထားတယ်၊ တပည့်တော်ဟာ ဒီသရဏဂုံတန်ခိုး တစ်ခုတည်းနဲ့ ဒီဘဝရောက်ရတာပါ။ ငါးပါးသီလ ဆောက်တည်ခွင့်ရလိုက်ရင် အသက်ပိုရှည်ပြီး သေလွန်ရင်တောင် ဒီထက်မြင့်တဲ့ နတ်ဘုံနတ်နန်းရောက်မှာပါဘုရားတဲ့။ ဒီတရား ဒီနိပါတ်တော်တွေကို ထောက်ရင် ကျွန်တော်တို့အမြဲဆောက်တည်နေတဲ့ သရဏဂုံရဲ့ အစွမ်းနဲ့ ငါးပါးသီလရဲ့အကျိုးတွေဟာ နှိုင်းတုမမြင် ကြီးမားမြင့်မြတ်လှပါတယ်။'

'လေးသချေ်နဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်လာတဲ့ ဘုရားရဲ့တန်ခိုးက အံ့မခန်းပေါ့ဗျာ၊ နောက်ပြီးခင်ဗျားတို့တစ်တွေနဲ့ မိတ်ဆွေဖြစ်ပြီး ဘုရားစကားကြားနာဆွေးနွေးခွင့်ရတာလဲ မင်္ဂလာလို့ဆိုပါရစေ'ဟု ဦးဘချောက ပြောပါသည်။

'မြတ်ဗုဒ္ဓ ပဋ္ဌမအချက်အဖြစ် အသက်ရှည်ပြီး ကျန်းမာဖို့ ဟောတော်မူသွားတာကလဲ ကလျာဏမိတ္တောစတဲ့ခင်ဗျ၊ စိတ်နှလုံးကို ကြည်လင်ချမ်းမြေ့စေတတ်သော အကျိုးကိုဆောင်သော သားသမီးကောင်း၊ မိတ်ဆွေကောင်း၊ ခင်ပွန်း၊ ဇနီးကောင်းတို့ ရှိရမည်တဲ့။'

'ဟုတ်တယ်ဗျ၊ သားကောင်းသမီးကောင်းက အလွန်အရေးကြီးတာ တောင်းဆိုး ပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတာ သားဆိုးသမီးဆိုးကျတော့ မိဘစိတ်ကို အလွန်ထိခိုက်စေတာပဲ။ စိတ်ထောင်းတော့ကိုယ်ကြေရော။ ဒီတော့ဘယ်မှာ အသက်ရှည်နိုင်ပါတော့မလဲ။ သားသမီးက ကောင်းတယ်မဆိုထားနဲ့ဦး၊ သူတို့ အောင်မြင်ကြီးပွားတိုးတက်ဖြစ်ထွန်းနေတာ မြင်ရရင်ပဲ မိဘတို့စိတ်ဝမ်း ပီတိအလွန်လွှမ်းတာကလား။ သူတို့တစ်ဆင့်ထက်တစ်ဆင့်တက်မယ့် ရာထူးဂုဏ်သိန်တွေကို ပျော်ရွှင်ကြည်နူးစွာ စောင့်ကြည့်ဖို့ ငါအသက်ရှင်နေရဦးမယ်။ သူတို့က မထောက်ပံ့ချင်နေပါစေဆိုတဲ့စိတ်ထား မိဘတိုင်းမှာရှိနေကြပါတယ်။'

'မှန်လိုက်လေဗျာ၊ သူတို့များကြိုးစားမယ်ဆိုရင် သူတို့တစ်တွေ ပညာတတ်ကြီးတွေဖြစ်အောင်၊ လယ်ပေါင် ယာရောင်း ကျောင်းထားမယ်ဆိုတဲ့ ရှိတာရောင်းပြီး ကျောင်းထားနေကြတဲ့မိဘတွေ အတွင်းသိအစင်းသိပါဗျာ။ ဒီမြို့နယ်မှာ ကျွန်တော် မျက်မြင်ကိုယ်တွေ့ ပြောပြလို့တောင် ရပါတယ်။'

'ဒီလိုပဲ ဇနီးကောင်း ခင်ပွန်းကောင်းကလဲ အရေးကြီးတယ်ဗျ။ လင်ဆိုးမယား တဖားဖားဖြစ်ပြီး စိတ်ထောင်းကိုယ်ကြေ စောစောသေသွားတဲ့ မိန်းမတွေရှိသလို မိန်းမယုတ်လို့ ညံ့လို့ မမျှတလို့စိတ်ညစ်ပြီး အရက်သောက်၊ အရက်ကျွန်ဖြစ်၊ လုပ်ချင်ရာလုပ် မိမိကိုယ်ကို မထိန်းနိုင်ဘဲ ဇာတ်သိမ်းစောသွားတဲ့ ယောကျ်ားတွေ မျက်စိရှေ့တင်ပါဗျာ။ ဒီတော့ အသက်ရှည်ခြင်း၊ အနာရောဂါကင်းရှင်းခြင်းရဲ့ အကြောင်းတရားမှာ ဇနီးနဲ့ ခင်ပွန်းက တကယ်အဓိကကျပေါ့၊ မောင်တစ်ထမ်း၊မယ်တစ်ရွက်နဲ့ တစ်သားမွေးတစ်သွေးလှပြီး ကလေးတစ်ကျိပ် မွေးခဲ့တာတောင် နည်းသေးတယ်ပြောတဲ့ မျက်စိအောက်က အပျောက်မခံနိုင်ကြတဲ့ အသက် ၈၀ ကျော် အဘိုးအဘွားတွေလဲ သက်သေရှိနေကြတယ်လေ။'

'အဲဒါအပြင် မိတ်ကောင်းဆွေကောင်းဆိုတာလဲ အရေးကြီးတယ်လေ။ အခုကျွန်တော်တို့ ဆရာဝန်နဲ့မိတ်ဆွေဖြစ်တော့ နေ့ညအချိန်မရွေးလာပြီး ပင့်လို့ရတာပေါ့ မဟုတ်ဘူးလား။'

'ဟုတ်ပါတယ် ဦးလေးတို့ရာ၊ ဒီလောက်ကတော့ ဆရာဝန်တိုင်း အရေးကြီးရင်ကြီးသလို ဆောင်ရွက်ပေးကြမှာပါ။ တကယ့်မိတ်ဆွေစစ်ဆိုတာက မိမိနိမ့်ကျနေတဲ့အချိန်မှာ အသိအမှတ်ပြုသူ၊ မိမိတကယ်အခက်အခဲရှိနေခိုက်မှာ စိတ်ရောကိုယ်ပါ ကူညီတတ်သူ၊ ၎င်းမြင့်တက်သွားတဲ့အချိန်မှာ စောင့်ရှောက်ထိုက်တဲ့ မိတ်ဆွေရင်းများကို စောင့်ရှောက်သူတို့ပဲပေါ့။ မိမိကလဲ အပြန်အလှန် ဒီစိတ်မျိုးများထားကြရင် ပိုမကောင်းဘူးလား။'

'ဆရာပြောတာ ပိုပြီးလေးနက်ပါတယ်။ ကိုယ်ဒုက္ခဖြစ်ခိုက်မှာ ရှောင်နေပြီးတော့ ဒီဒုက္ခတွေက နာလန်ထလာကာမှ ငါမသိလိုက်လို့ပါဆိုတဲ့ မိတ်ဆွေယောင်မျိုး၊ သူ့ကို ဒီပုဂ္ဂိုလ်၊ ဒီလူကြီးတွေနဲ့ မိတ်ဆက်ပေးလိုက်၊ တွေ့ခွင့်ပေးလိုက်ရင် ငါကျန်ရစ်ဖြစ်လိမ့်မယ်ဆိုပြီး ဖယ်ထားတတ်တဲ့မိတ်ဆွေကြောင်မျိုး၊ ကိုယ်ဒုက္ခရောက်နေတာကို ကျိတ်ပြီး ဝမ်းသာနေတဲ့ မိတ်ဆွေတုမျိုးတွေလဲ ရှိတတ်တယ် ဆရာရဲ့။'

'ဦးစံမောင် ပြောတာလဲ ဟုတ်ပါတယ်၊ ဒီတော့ သူ့ဘက်က မစဉ်းစားဘဲ ကိုယ့်ဘက်ကစဉ်းစားပြီး ကိုယ်ကဦးစွာ ပထမမိတ်ဆွေကောင်းဖြစ်ဖို့ ကြိုးစားကြတာပေါ့။ ဒါဆိုရင် ကိုယ်ရယ် သူရယ် မိတ်ဆွေကောင်းနှစ်ယောက်ရပြီလေ၊ ဒီလိုလုပ်ရင် မိတ်ဆွေကောင်းတွေနှစ်ဆတိုးပြီး မိမိတို့ရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဘာသာရေးတွေပါ အဘက်ဘက်က တိုးတက်ပြေလည်အောင် မြင်လာမယ်၊ နောက်ပြီး ဦးချစ်တွက်နည်းနဲ့ ကျွန်တော်တို့ အသက်(၉၀)အထိ နေကြရမှာ။'

'ကျွန်တော့်တွက်နည်းနဲ့ဆို (၉၅)နှစ် မဟုတ်ဘူးလား။'

'ကျွန်တော်တို့ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲပြီး၊ အသက်နဲ့လဲ တည်ဆောက်ခဲ့ကြတာမှ မဟုတ်တာ။ အဲဒီငါးနှစ်တော့ မပေါင်းဘဲ ထားချန်ခဲ့ရအောင်ဗျာ။'

'ဘယ်လိုပဲဖြစ်ဖြစ် အသက်(၉၀)တန်းအထိနေရရင်ပဲ ကောင်းလှပါပြီ။ မြတ်ဗုဒ္ဓရဲ့ အသက်ရှည်စွာ အနာမဲ့ရေး(၅)ချက်အပြင် အဘိဓမ္မာကို လေ့လာပြီး သတိပဋ္ဌာန်ကျင့်စဉ်နဲ့ စားတိုင်း၊သွားတိုင်း၊ လှုပ်ရှားတိုင်း အမှတ်လေးနဲ့ နေကြရင် အသက်ရှည်ရှည် ဘဝတိုတိုနဲ့ "နိဗ္ဗာနသ ပစ္စယော ဟောတု" ဆိုတဲ့ ဆုတောင်းနဲ့ မည်သူမဆို ပြည့်ဝကြမှာပါ။'

'သာဓု ဆရာရေ၊ သာဓု၊ သာဓု'။ ။

● ကျော့ဖုံးမှ

အိုမန်နှင့်အီရန်တို့ပွဲတွင် အာရှဖလား လက်ရှိချန်ပီယံဂျပန်ကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးထားသော အိုမန်သည် ဒုတိယပွဲစဉ်အဖြစ် အာရှဖလားသုံးကြိမ် ဗိုလ်စွဲခဲ့ဖူးသော အီရန်နှင့် ကစားရသည်ဖြစ်ရာ ဆက်တိုက်ပွဲကျပ်များနှင့် ကြုံတွေ့ရသလိုဖြစ်နေသည်။ သို့သော် ဂျပန်နှင့်ပွဲတွင် အိုမန်တို့က ဂျပန်ကိုခြေရည်တူ ကစားနိုင်ပြီး ဒုတိယပိုင်းဖိကစားနိုင်ခဲ့သည့် ခြေစွမ်းရှိနေသဖြင့် အီရန်တို့ အထူးသတိထားကစားခဲ့ရသည်။

အိုမန်နှင့် အီရန်တို့ပွဲတွင် အိုမန်သည် ၄း၃း၃ ပုံစံဖြင့် ကစားခဲ့ပြီး ရှေ့တန်းတိုက်စစ်မှူးများအဖြစ် ဘာဒါမူဘာရက်၊ ယူဆော့ဖ်ရိုင်ရာဘင်နှင့် အိုင်မက်အလီတို့ကို ထားကာ ကစားခဲ့သည်။ အိုမန်အသင်းပွဲစသည်နှင့် တိုက်စစ်ဖွင့်ကာ တစ်သင်းလုံး ဖိပြီးကစားခဲ့သဖြင့် အီရန်တို့ကအိုမန်တိုက်စစ်ကို ထိန်းပြီး ခံစစ်ဖြင့်သာကစားခဲ့သည်။

ထိုးဖောက်

ဂျပန်အသင်းကို ရှုံးပြီး အမှတ်မရသေးသည့် အိုမန်တို့ ပထမပိုင်းတွင် ဂိုးရရှိရေး အပြင်းအထန် ထိုးဖောက် ကစားရာ ပွဲချိန် ၃၂မိနစ်တွင် အီရန်တို့ လူကျံဘောဖမ်းကစားရာမှ လွတ်ထွက်လာသော ဘောလုံးကို အပေးအယူလုပ်ကာ အိုမန်တိုက်စစ်မှူး အိုင်မက်အလီက ကန်သွင်းခဲ့သဖြင့် တစ်ဂိုးစတင်ရရှိသွားသည်။

အဖွင့်ဂိုးပေးလိုက်ရသဖြင့် အီရန်တို့ ကစားကွက်ဆင် ပြန်ကစားလာပြီး ပြန်လည်ထိုးဖောက်ကစားသော်လည်း ပွဲချိန် ၄၁မိနစ်တွင် ညာဘက်ဝင်းမှ မ တင်ပေးလိုက်သည့် ဘောလုံးကို အိုင်မက်အလီကပင် ပြေးဝင်ခေါင်းတိုက်သွင်းခဲ့သဖြင့် အိုမန်တို့ ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဖိကစား

ဒုတိယပိုင်းတွင် အီရန်တို့ ချေပဂိုးများရရှိရေး ကွင်းတစ်ဝက်နီးပါးဖိပြီး ကစားသော်လည်း နားလည်မှုလွဲမှားနေသဖြင့် ကစားကွက်ပျက်လျက်ရှိသည်။ အိုမန်တို့ ဒုတိယပိုင်း ထိုးဖောက်ကစားနိုင်သော်လည်း ပွဲချိန် ၆၃မိနစ်တွင် အီရန်အလယ်တန်းမှ အလီခါရီမီက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ အီရန်တို့ ပြန်လည်ဖိကစားလာရာ ပွဲချိန် ၈၄မိနစ်တွင် အိုမန်မှ ဖူဇီဘာရှားက ဂိုးသမားမရှိသည့် ဂိုးထဲ ကန်သွင်းခွင့်ရသော်လည်း အီရန်နောက်တန်းတစ်ဦးနှင့်ထိပြီး ဂိုးမဝင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။

ပွဲချိန်မိနစ် ၉၀ အရောက် အချိန်ပိုထပ်ဆောင်းပေးချိန်နှစ်မိနစ်အတွင်း အီရန်တို့က ပြစ်ဒဏ်ဘောရရှိရာမှ အီရန်နောက်ခံလူ မိုဟာမက်နိစ်ရာတီ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အီရန်တို့ ချေပဂိုးရရှိကာ သရေကျခဲ့ခြင်းဖြစ်သည်။

ကွာတားတက်ပြီ

ယခုပွဲ သရေကျခဲ့သဖြင့် အိုမန်တို့ နှစ်ပွဲကစား တစ်ပွဲရှုံး၊ တစ်ပွဲသရေဖြင့် တစ်မှတ်သာရရှိနေပြီး အီရန်က နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ရရှိနေသဖြင့် အီရန်တို့ အုပ်စုမှ တက်ရန်သေချာနေပြီဖြစ်သည်။ အိုမန်နှင့် အီရန်တို့ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုကို အိုမန်တိုက်စစ်မှူးအိုင်မက်အလီရရှိသွားသည်။

ဇူလိုင် ၂၄ ရက်က ဒုတိယပွဲစဉ်အဖြစ် ဂျပန်နှင့် ထိုင်းတို့ ချုံကင်းအိုလံပစ်စင်တာကွင်း၌ပင် ဆက်လက်ကစားရာ ဂျပန်က ၅း၃း၂ ပုံစံဖြင့် ကစားပြီး ထိုင်းကလည်း ၅း၃း၂ ပုံစံဖြင့်ပင် ကစားခဲ့သည်။

ပွဲစတင်ကစားသည်နှင့် ထိုင်းအသင်း ထိုးဖောက်ကစားရာမှ ပြစ်ဒဏ်ဘောရရှိသည့်ဘောလုံး ကန်တင်ပေးသည်ကို ထိုင်းတိုက်စစ်မှူးဆူတီဆူဆွမ်ကစ် ခေါင်းတိုက်သွင်းသော်လည်း ဂိုးတိုင်ဘေးမှ ကပ်ထွက်သွားသဖြင့် ထိုင်းတို့နစ်နာခဲ့ရသည်။ ပွဲချိန် ၁၂မိနစ်တွင် ဂျပန်အသင်းဖိကစားထားရာမှ ထိုင်းတို့ အမှတ်မထင်ဘောလုံးရရှိပြီး ထိုင်းတိုက်စစ်မှူးဆူတီဆူဆွမ်ကစ်က ဂျပန်နောက်ခံလူ နှစ်ယောက်ကို ကျော်ဖြတ်ကာ ဂိုးဧရိယာထိပ်မှ အပြင်းကန်သွင်းရာမှ ဂိုးရရှိခဲ့သည်။

ဂျပန်အသင်း ဂိုးစတင်ပေးလိုက်ရသဖြင့် ထိုင်းအသင်းဘက် တရကြမ်းတိုက်စစ်ဆင် ကစားလာရာမှ ပွဲချိန်မိနစ်၂၀တွင် ထိုင်းဂိုးဧရိယာအစပ်၌



ဂျပန်နှင့် ထိုင်း အသင်းတို့ အုပ်စု(ဃ) အုပ်စုပတ်လည်ဒုတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရာ ဂျပန် ကွင်းလယ်ကစားသမား တာကာရှီဖူကူနီရှီ (အင်္ကျီဖြူ) ထိုင်း ဘက် သို့ ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ– အင်တာနက်)

ပြစ်ဒဏ်ဘောရရှိရာဂျပန်အလယ်တန်းမှ နာကာမူရာက လှပစွာကန်သွင်းခဲ့သဖြင့် ဂျပန်တို့ ချေပဂိုးရရှိခဲ့သည်။

ဒုတိယပိုင်းတွင် ထိုင်းတို့ ကစားအားကျလာပြီး ပွဲချိန် ၅၇မိနစ်တွင် ထောင့်ကန်ဘောမှ တစ်ဆင့် ဂျပန်အလယ်တန်းလူ နာကာဇာဝါက ထိုင်းနောက်ခံလူတစ်ဦးကိုလိမ်ကာ ကန်သွင်းခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့သည်။ ဂျပန်အသင်းဘောလုံးကို အချိန်များများ ပိုင်ဆိုင်ကစားနိုင်ပြီး ထိုင်းအသင်းကို တစ်ဖက်သတ်ဖိကစားထားရာမှ ပွဲချိန် ၆၈မိနစ်တွင် ထောင့်ကန်ဘောမှ တစ်ဆင့် ဂျပန်မှ ဖူကူနစ်ရှီခေါင်းတိုက်သွင်းပြီး တတိယဂိုးရရှိခဲ့ပြန်သည်။ ဂျပန်တစ်သင်းလုံး ထိုင်းဘက်သို့ ဖိကစားထားရာမှ ပွဲချိန် ၈၈မိနစ်တွင် ဂျပန်တို့ ထောင့်ကန်ဘောရရှိပြန်ရာ လူပေးပြီး ကန်တင်သည့်ဘောလုံးကို နာကာဇာဝါက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဂျပန်တို့ လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျပန်ကွာတားတက်

ဂျပန်အသင်း နှစ်ပွဲနိုင် ခြောက်မှတ်ရကာ ကွာတားတက်ပြီဖြစ်သလို ထိုင်းအသင်းနှစ်ပွဲရှုံး အမှတ်မရဘဲ အုပ်စုမှပင် အိမ်ပြန်ရပြီဖြစ်သည်။ ဂျပန်နှင့် ထိုင်းတို့ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုကို ဂျပန်မှ နာကာဇာဝါက ဆွတ်ခူးသွားသည်။

အာရှဖလား ၂၀၀၄ အုပ်စု(ဂ) မှ ဆော်ဒီအာရေဗျနှင့် အီရတ်၊ တာ့ခ်မီနစ္စတန်နှင့် ဥဇဘက်ကစ္စတန်တို့ အုပ်စု(ဂ)အုပ်စုနောက်ဆုံးပွဲစဉ်များကို ဇူလိုင် ၂၆ရက်(ယနေ့)တွင် တရုတ်နိုင်ငံ ချန်ဒူးမြို့ စီချွမ်စပေါ့တ်စင်တာကွင်း၌ ကစားကြမည်ဖြစ်သည်။

ပထမပွဲစဉ်အဖြစ် ဆော်ဒီနှင့် အီရတ်တို့ကစားကြမည်ဖြစ်ရာ ဆော်ဒီအသင်းသည် အုပ်စု(ဂ)ပထမပွဲစဉ်၌ တာ့ခ်မီနစ္စတန်ကို သရေကျပြီး ဥဇဘက်ကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးထားရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်သာရရှိသေးသဖြင့် အုပ်စုတက်ရေး မျှော်လင့်ချက်အဖြစ် အီရတ်ကို အနိုင်ကစားရမည် ဖြစ်သည်။

အီရတ်အသင်းသည်လည်း တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားရာ ယခုပွဲတွင် ဆော်ဒီကို အနိုင်ကစားမှသာ ကွာတားတက်ရန် သေချာမည်ဖြစ်သည်။

ဆော်ဒီခြေ

ဆော်ဒီအသင်း၏ လက်ရှိခြေစွမ်းမှာ အားရဖွယ်ရာမရှိရာ ဆော်ဒီ၏ ဟော်လန်နည်းပြ ဗန်ဒါးလန်း ကစားကွက် ပုံစံပြောင်းပြီး ကစားရမည်ဖြစ်သည်။ တာ့ခ်မီနစ္စတန်နှင့် ပွဲတွင် ဆော်ဒီတို့ ၃း၅း၂ ပုံစံဖြင့် ကစားခဲ့ပြီး ဥဇဘက်နှင့်ပွဲတွင် ၄း၅း၁ဖြင့် ကစားခဲ့ရာ အောင်မြင်မှု မရရှိခဲ့ပေ။ နာမည်ကြီးဆော်ဒီတို့ အာရှဖလားပွဲပြိုင်ပွဲ မစတင်မီက အုပ်စု(ဂ)တွင် အုပ်စုဗိုလ်စွဲပြီး ကွာတားတက်နိုင်သည့်အသင်းအဖြစ် ထိပ်ဆုံးမှရေပန်းစားခဲ့သော်လည်း လက်တွေ့တွင် တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် တစ်မှတ်သာ ရရှိနေရာ အီရတ်ကို အနိုင်ကစားမှ ရတော့မည် ဖြစ်သည်။

ဆော်ဒီတွင် ဂိုးသွင်းခြေစွမ်းထက်နေသော ယက်စ်ဆာနူလ်ကာတာနီ၊ အဗ္ဗဒူလာမင်အယ်ဘီရှိ၊ ဆိဒ်အယ်ဇက်ရာနီတို့ တိုက်စစ်တွင် ခြေစွမ်းပြကစားနိုင်ကြပြီး အလယ်တန်းမှ အီဘရာဟင်ဆိုဝတ်ဒ်နှင့် ဆိဒ်အယ်ဒိုဆာရီတို့လည်း ဘောလုံးအဖြတ်အတောက် ကောင်းမွန်ကြသည်။ သို့သော် ဆော်ဒီအသင်း ကွင်းလယ်ကစားကွက်ကို စိုးမိုးပြီး တိုက်စစ်ဆင်ကစားရာတွင် တိုက်စစ်မှူးများ ဂိုးသွင်းစွမ်းရည်အားနည်းလျက်ရှိရာ နှစ်ပွဲကစားပြီးချိန်၌ နှစ်ဂိုးသွင်းထားသူမှာ အယ်ကာတာနီ တစ်ဦးသာဖြစ်သည်။

အာရှဖလားသမိုင်းတွင် ပြိုင်ပွဲဝင်ခဲ့သည့် တစ်လျှောက်တွင် ယခုနှစ် အာရှဖလားပြိုင်ပွဲဝင်ဆော်ဒီအသင်း ကစားပုံမှာအညံ့ဖျင်းဆုံးဟု သတ်မှတ်ရမည်ဖြစ်ပြီး အီရတ်ကို အကြိတ်အနယ် ကစားရမည်ဖြစ်သည်။

အီရတ်အသင်းမှာလည်း နှစ်ပွဲကစားပြီး သုံးမှတ်ရရှိနေသည့် အခြေအနေဖြစ်သဖြင့် ဆော်ဒီကိုအနိုင်ကစားမည် ဖြစ်သည်။ အီရတ်အသင်းသည် အသင်းလိုက် ကစားပုံကောင်းကာ တစ်ဦးချင်းကြံ့ခိုင်မှု၊ကစားကွက်တွင်ပါ ဆော်ဒီထက်များစွာ ကောင်းမွန်၍ ဆော်ဒီတို့အကြိတ်အနယ်ကစားရမည်ဖြစ်သည်။

အီရတ်နောက်တန်းနှင့် အလယ်တန်းတို့ အားကောင်းသည်ဖြစ်ရာ အလယ်တန်း၌ ဆာလစ်ဆာဒါ၊ ဟာဝါမိုဟာ မက်နှင့် ကူဆေးမူနီရာတို့ ဘောလုံထိန်းသိမ်းမှု၊ တိုက်စစ်ကို လိုက်ပါကစားနိုင်မှုတို့ကောင်းမွန်ပြီး အခွင့်အရေးရလျှင် ဂိုးသွင်းနိုင်ကြသူများ ဖြစ်ကြသည်။

သို့သော် အီရတ်၏ အားနည်းချက်မှာ ရှေ့တန်းတွင် ဂိုးသွင်းနိုင်သည့် တိုက်စစ်မှူးများ မရှိဘဲဖြစ်နေရာ အခွင့်အရေးကောင်းများ လက်လွတ်ရသည့် အဖြစ်မျိုးနှင့်ချည်းသာ ကြုံတွေ့ရပါက အီရတ်တို့ အုပ်စုမှပင်ထွက်ရမည်ဖြစ်သည်။

ဆော်ဒီနှင့် အီရတ်တို့ ယခုအချိန်အထိ ဘောလုံးပွဲ ၁၀ပွဲ ကစားခဲ့ဖူးရာတွင် ဆော်ဒီတို့က ငါးပွဲနိုင်၊ နှစ်ပွဲ သရေ၊ သုံးပွဲရှုံးထားခဲ့ဖူးရာ အီရတ်ကို ဆော်ဒီတို့ အလေးထားပြီး ကစားရမည်ဖြစ်သည်။

အီရတ်အသင်း

အီရတ်အသင်းအတွက် ထူးခြားချက်တစ်ခုမှာ ယခုအာရှဖလား ပြိုင်ပွဲ၌ တရုတ်ပရိသတ်များ အထူးအားပေးသည့်အသင်းမှာ အိမ်ရှင်တရုတ်ပြီးလျှင် အီရတ်အသင်းဖြစ်ရာ ယင်းအချက်သည် မိမိတို့အတွက် ခွန်အားတစ်ရပ် ဖြစ်ကြောင်း အီရတ်နည်းပြ အာနန်ဟန်က ပြောကြားထားခဲ့သည်။

ဇူလိုင် ၂၆ ရက် **(ယနေ့)**တွင် ဒုတိယပွဲစဉ်အဖြစ် ချန်ဒူးမြို့ စီချွမ်စပေါ့တ်စင်တာကွင်း၌ပင် တာ့ခ်မီနစ္စတန်နှင့် ဥဇဘက်ကစ္စတန်တို့ အုပ်စု(ဂ) အုပ်စု နောက်ဆုံးပွဲအဖြစ် ကစားရမည်ဖြစ်သည်။

တာ့ခ်မီနစ္စတန်သည် ဆော်ဒီကိုနှစ်ဂိုးစီသရေကျပြီး အီရတ်ကို သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးခဲ့သဖြင့် နှစ်ပွဲကစား တစ်မှတ်သာရရှိထားရာ ယခုဥဇဘက်နှင့်ပွဲတွင် အနိုင်ကစားမှသာ ကွာတားတက်ရေး မျှော်လင့်နိုင်မည်ဖြစ်သည်။

တာ့ခ်မီနစ္စတန်သည် ကစားကွက် ကောင်းပြီး ဂိုးသွင်းအားလည်း ကောင်းသည့်အသင်းဖြစ်သော်လည်း နောက်တန်းအားနည်းသည့် အသင်းဖြစ်သည်။ အာရှဖလား အုပ်စုပွဲ နှစ်ပွဲတွင် ငါးဂိုးသွင်းယူနိုင်ပြီး လေးဂိုး အသွင်းခံထားရသည်။ တာ့ခ်မီနစ္စတန်တိုက်စစ်မှူးများဖြစ်သည့်ရီဂန်လီဇင်ကော့ဗ်၊ ဗလာဒီမာဘေရာမော့ဗ်၊ မူရာမက်အိုဗီကော့ဗ်တို့ အရပ်အမောင်းမြင့်မားကြပြီး ခေါင်းတိုက်ဂိုးသွင်းကောင်းသူများဖြစ်ရာ ဥဇဘက်တို့၏ နောက်ခံလူများကို ကောင်းကောင်းခြိမ်းခြောက်နိုင်သူများဖြစ်သည်။

ဥဇဘက်ခြေစွမ်း

တာ့ခ်မီနစ္စတန် အနိုင်ရရှိရေး အစွမ်းကုန် ကြိုးစားမည်ဖြစ်သော်လည်း ခြေစွမ်းထက်နေသော ဥဇဘက်ကိုအနိုင်ရရှိရန် မလွယ်ပေ။ ဥဇဘက်သည် နှစ်ပွဲကစား နှစ်ပွဲနိုင်ပြီး ခြောက်မှတ်ရနေရာကွာတားတက်ရန် သေချာနေပြီး ယခုတာ့ခ်မီနစ္စတန်နှင့် ပွဲ၏ အနိုင်အရှုံးအဖြေသည် အရေးမပါတော့ပေ။

သို့သော် တာ့ခ်မီနစ္စတန်ကို အရှုံးမပေးဘဲကစားမည်ဖြစ်ရာ ရုရှားအခြေစိုက် ဘောလုံးသမားများနှင့် ဖွဲ့စည်းတည်ဆောက်ထားသော ဥဇဘက်တို့ ခြေစွမ်းပြ အနိုင်ယူနိုင်သည့် အနေအထားရှိသည်။ ဥဇဘက်သည် ခံစစ်အားကောင်းမွန်သော်လည်း ကွင်းလယ်ကစားကွက်တွင် တာ့ခ်မီနစ္စတန်တို့ကသာနေသည်။ ရှေ့တန်းတိုက်စစ်မှူးများ ထိုးဖောက်ကစားမှုတွင်လည်း ကွာခြားမှုမရှိဘဲ တန်းတူအနေအထား ရှိသည်။

ထိုးဖောက်ကစား

ဥဇဘက်တွင် တိုက်စစ်မှူးများဖြစ်သည့် အလက်ဇန္ဒားရိုင်ရစ်၊ ဗလာဒီမာ ဆီချက်ဗ်နှင့် တီမူရာခါပါဇစ်တို့ ဂိုးရရှိရေး ကြိုးစားနိုင်ကြသလိုပင် ခံစစ်တွင်လည်း လိုက်ပါအားဖြည့်နိုင်ကြသည်။ နှစ်သင်းစလုံး ဥရောပအခြေစိုက် ဘောလုံးသမားများဖြင့် ဖွဲ့စည်းထားရာ အပြန်အလှန် ထိုးဖောက်ကစားကြမည် ဖြစ်သည်။

ယခုပွဲအပြီး ကွာတားတက်မည့်အသင်းများလည်း ပေါ်ထွက်လာမည်ဖြစ်ရာ အုပ်စု(ဂ) မှ အသင်းများ အုပ်စုပတ်လည်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်သဖြင့် အနိုင်ရရှိသူ ကွာတားတက်မည် ဖြစ်သည်။

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပမည့် ၂၀၀၄ ခုနှစ် (၂၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲများကို ဩဂုတ် ၂ရက်မှ ၁၁ ရက်အထိ နေ့စဉ်နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထည့်သွင်းကျင်းပမည်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး လက်နက်မဲ့သိုင်းအတိုက်ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး လက်နက်ဖြင့်သိုင်း(ဖိလစ်ပိုင်အားနစ် တုတ်တိုသိုင်း) ပြိုင်ပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

၂၀၀၄ ခုနှစ် (၂၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲတွင် ယခင်နှစ်က ကျင်းပခဲ့သော ပြိုင်ပွဲပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အဆိုပါသိုင်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် သိုင်းအသင်းများသည် ဇူလိုင်၃၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးလှဦးထံသို့ အမည်စာရင်းများပေးသွင်းကြပြီး ပြိုင်ပွဲများနှင့်ပတ်သက်၍ အသေးစိတ် မေးမြန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အာရှဖလားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ အိမ်ရှင်တရုတ်နှင့်ဘာရိန်းကွာတားဖိုင်နယ်တက်ပြီ

AFC ASIAN CUP CHINA 2004

ရန်ကုန် ဇူလိုင် ၂၅

၂၀၀၄ ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲ အုပ်စု(က) ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဆက်လက်ကျင်းပရာ အိမ်ရှင်တရုတ်အသင်းက ကာတာအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ ဘာရိန်းအသင်းက အင်ဒိုနီးရှားအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိပြီး ကွာတားဖိုင်နယ် တက်ရောက်သွားသည်။

အိမ်ရှင်တရုတ်အသင်းနှင့် ကာတာအသင်းပွဲစဉ်တွင် တရုတ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်၇၈မိနစ်တွင် ဇူယန်လောင်းက ခေါင်းတိုက်သွင်းယူခဲ့သည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို တရုတ်အသင်းမှ ဇောင်ဇီက ရရှိသည်။

ဘာရိန်းအသင်းနှင့် အင်ဒိုနီးရှားအသင်းပွဲစဉ်တွင် ဘာရိန်းအသင်းအတွက် ပထမဂိုးကို ပွဲချိန် ၄၃ မိနစ်တွင် ဟူစိန်အလီ၊ ဒုတိယဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ဟူဘလီ၊ တတိယဂိုးကို ပွဲချိန် ၈၂မိနစ်တွင် ယူဆွတ်တို့က သွင်းယူပေးသည်။ အင်ဒိုနီးရှားအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် အလီလီဘွိုင်က သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ဘာရိန်းအသင်းမှ ယူဆွတ်က ရရှိသည်။

အုပ်စု(က)

အုပ်စု(က)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အိမ်ရှင်တရုတ်အသင်းက နှစ်ပွဲနိုင်၊တစ်ပွဲသရေ ခုနစ်မှတ်ဖြင့်အုပ်စုပထမ၊ ဘာရိန်းအသင်းက တစ်ပွဲနိုင် နှစ်ပွဲသရေ ငါးမှတ်ဖြင့် အုပ်စုဒုတိယရရှိသည်။ အင်ဒိုနီးရှားအသင်းက တစ်ပွဲနိုင် နှစ်ပွဲရှုံး သုံးမှတ်၊ ကာတာအသင်းက တစ်ပွဲသရေ နှစ်ပွဲရှုံး တစ်မှတ်ရရှိပြီး အုပ်စုမှ ထွက်သွားရပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

ဝန်ကြီးဌာနပေါင်းစုံ ဂျူဒိုပြိုင်ပွဲပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် သတ္တမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံဂျူဒိုပြိုင်ပွဲကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲဝိတ်တန်း ၁၁ တန်း(က)တန်းနှင့် (ခ)တန်း၊ အမျိုးသမီး ဝိတ်တန်း ၁၁ တန်း (က)တန်းနှင့် (ခ)တန်းတို့ ပါဝင်ပြီး ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနအသင်းများသည် ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်(အမျိုးသားရေကူးကန်)ရှိ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ထွေးဦးထံ စာရင်းပေးသွင်း ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဥဇဘက်နှင့် တာခ့်မီနစ္စတန်တို့ ယှဉ်ပြိုင်ခဲ့ကြသည့်သမိုင်းတစ်လျှောက် ခြောက်ပွဲကစားခဲ့ဖူးရာ ဥဇဘက်က ခြောက်ပွဲလုံး အနိုင်ရရှိခဲ့သည်ဖြစ်၍ ယနေ့ပွဲတွင်လည်း ဥဇဘက်တို့က အနိုင်ရရှိရန် အခွင့်အလမ်းသာလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်–

(က) အသက် သတ်မှတ်ချက်နှင့် ပတ်သက်၍ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၀၄ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒဘာသာနှင့်ဓာတုဗေဒဘာသာများပါဝင်သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့် နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာနသို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်–

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ် စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်း စစ်ဌာနချုပ် တည်ရှိသည့် မြို့များ၌ **၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့**တွင် စတင်ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ် အတိုင်း ဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေး အဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့ သွားမည်။

၁၁။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာ တင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည် / မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်–

(က) အသက်သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ(၁) ရက်နေ့ တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ အသက်(၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) ၂၀၀၄ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ပါ စိတ်ကြိုက်ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်ပြီးသူများ ဖြစ်ရမည်–

(၁) **တပ်မတော်ဆေးတက္ကသိုလ်။** ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒ ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

(၂) **တပ်မတော်နည်းပညာတက္ကသိုလ်။** ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများ ပါဝင်သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူ နိုင်သည်။

၃။ လျှောက်လွှာနှင့် အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲ တင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့်**စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန** သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုး ညွှန်းတမ်း အတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်–

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) ဇီဝဗေဒ

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်း စစ်ဌာနချုပ် တည်ရှိသည့်မြို့၌ အောက်ဖော်ပြပါ နေ့ရက်များအတိုင်းစတင်ဖြေဆိုကြရမည်ဖြစ်ပြီး၊ ဖြေဆို ရမည့် နေရာ နှင့် အချိန်ကို သတင်းစာ မှ ကြော်ငြာ ပေးမည်–

(က) **တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည် အချင်းစစ် စာမေးပွဲ ဖြေဆို ရမည့်ရက်** (၁၉–၉–၂၀၀၄)

(ခ) **တပ်မတော် နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်** (၂၀–၉–၂၀၀၄)

၈။ ဖြေဆိုရမည့်ခုံအမှတ်မှာလျှောက်လွှာတွင်ဖော်ပြထားသည့်ခုံအမှတ် အတိုင်း ဖြစ်သည်။

၉။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကိုသက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့ သွားမည်။

၁၀။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသား ဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

မန္တလေးသမဝါယမ အသင်းသားများ၏ သားသမီးများ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာပေးအပ်

မန္တလေး ဇူလိုင် ၇

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် မန္တလေးအောင်မြေသာစံမြို့နယ်၊ ချမ်းမြေ့ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်မှ အသင်းသားများ၏သားသမီးများကို ကျောင်းသုံးစာအုပ်နှင့်စာရေး ကိရိယာများ ပေးအပ်ပွဲကို ဇူလိုင် ၃ရက်က ၈၆လမ်း မြို့နယ်သမဝါယမဦးစီးဌာနတွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် ဦးစီးအရာရှိ ဦးမောင်မောင်သန်းတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် အသင်းဥက္ကဋ္ဌဦးဘကြည်က ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာပေးအပ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက္ကသိုလ်အဆင့်ကို ဒုတိယညွှန်ကြားရေးမှူးကလည်းကောင်း၊ အထက်တန်းအဆင့်ကို လက်ထောက်ညွှန်ကြားရေးမှူးက လည်းကောင်း၊ အလယ်တန်းအဆင့်ကို ဦးစီးအရာရှိက လည်းကောင်း၊ မူလတန်းအဆင့်ကို အသင်းဥက္ကဋ္ဌကလည်းကောင်း အသီးသီးပေးအပ်ကြရာ အသင်းသူအသင်းသားများကိုယ်စား ဦးမြသန်းကကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(၁၆၂)**

ရှင်းလင်းပြသ

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရွှေပန်းတော ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း တူးဖော်ပေးသည့် နှစ်လက်မတွင်းတိမ်မှ သောက်သုံးရေရရှိမှုနှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်မှုကို မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမျိုးအောင် ရှင်းလင်းပြသစဉ်။ (၀၄၀)

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦး ကျော် သူ နှင့် အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်ဇင်မာလွင်တို့ ဇူလိုင် ၁၂ရက်က ကမ်းနားလမ်း လမ်းပေါက်ဖာ ထေး ခြင်း ကို အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပန်းတနော်မြို့နယ်ရှိ ဂုံမင်းကျေးလက် ကျောက်ချောလမ်းနှင့် ဂုံမင်း–ပျဉ်တုံးကြီး ကျေးလက်မြေသားလမ်းများတွင် မိုးရာသီ၌ ပြည်သူများ သွားလာရေး လွယ်ကူစေရန် လမ်းများပြုပြင်ထိန်းသိမ်းမှု အခြေအနေများကို ဇူလိုင် ၅ရက်က တိုင်းစည်ပင်ညွှန်ကြားရေးမှူးဦးအုန်းသွင်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်ဝေတို့က ရှင်းလင်းတင်ပြကြစဉ်။ (က–ပ)

မြောင်းမြခရိုင် လပွတ္တာမြို့နယ်တွင် မြို့နယ်လုံးကျွတ် ရေစီးရေလာကောင်းမွန်ရေးအတွက် ရပ်ကွက်ပြည်သူများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ဇူလိုင်၁၇ရက်က စုပေါင်းဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့ ကွင်းဆင်းကြည့်ရှုကြစဉ်။ (မြို့နယ်စည်ပင်)

ဂန့်ဂေါ၌အမျိုးသမီးများနေ့စာစီစာကုံးပြိုင်

ဂန့်ဂေါ ဇူလိုင် ၃

ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ဂန့်ဂေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၉ ရက်နံနက်က ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ကြည့်ရှု

အဆိုပါ စာစီစာကုံးပြိုင်ပွဲသို့ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်အေးကြူနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ကြည်ဝင်းနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြည့်ရှု အားပေးကြကြောင်း သိရသည်။ **(၂၇၃)**

(ဗိုလ်မှူးသာဒင်ကြီး)အား ရည်စူး၍ အမှတ်၄၂(အေ) သီရိမင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်နေ ဒေါ်ရင်ရင်မေ (သား)ကပ္ပတိန်သာရင်ဦး–ဒေါ်မွန်မွန်တင်ဦး၊ ဒေါက်တာသာရင်မြတ်–ဒေါ်နွယ်နွယ်အေးမိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိနာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)နှင့် ဇနီး တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ(ဒေါ်ရွှေဇီးကွက်)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကြံတိုင်းဆောင်နှင့် အဖွဲ့ ဇူလိုင် ၁၄ ရက်က သန်လျင်မြို့နယ် သူဌေးကွင်း စံပြကျေးရွာရှိ ကျေးလက်ဈေး တည်ဆောက်မည့်နေရာ၊ ကျေးရွာလမ်းများ သန့်ရှင်းသာယာလှပရေးနှင့် ကျေးလက် တန်ဖိုးနည်းအိမ်ရာ တည်ဆောက်မည့် နေရာများ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ရဲကျော်သူကျင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကောလင်းမြို့၌ စာပေရေးရာ ညှိနှိုင်းဆွေးနွေး

ကောလင်း ဇူလိုင် ၁

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၀ ရက်က မြို့နယ်ရုံးခန်းတွင် ကျင်းပသည်။

တင်ပြဆွေးနွေး

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က ကျေးလက်ဒေသစာပေအဆင့်အတန်းမြင့်မားရေး၊ ကျေးလက်စာပေဟောပြောပွဲများ ပြုလုပ်ရေး၊ ပြည်သူ့အကျိုးပြု စာပေထွန်းကားရေး၊ ကျေးလက်စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ရေးနှင့် စာပေအင်အားသစ်များ တိုးချဲ့စည်းရုံးနိုင်ရေးတို့ကို တင်ပြဆွေးနွေးကြသည်။ **(၀၂၆)**

ကျိုက်လတ်မြို့ သာယာလှပရေး စုပေါင်းဆောင်ရွက်

ကျိုက်လတ် ဇူလိုင် ၂၂

ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်း သာယာလှပရေးအတွက် လမ်းဘေးမြက်ခင်းများ ပြုလုပ်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် မြေခင်းအလှပြုပြင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

စုပေါင်းဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာ၌ ဇူလိုင် ၇ရက်က ရွှေလတ်ဧရာပန်းခြံအတွင်း မြက်ခင်းများပြုပြင်ခြင်း၊ ပန်းအလှပင်များ အစားထိုးစိုက်ပျိုးခြင်း၊ မြေခင်းအလှပြုပြင်ခြင်းတို့ကို အမှုဆောင်အရာရှိ ဦးမြင့်မောင်၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်သိန်းခိုင်နှင့် ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ကြသည်။

အလားတူ ရန်ကုန်–ကျိုက်လတ်–ဖျာပုံ အဝေးပြေးလမ်းမဘေးရှိ ၁၁လမ်း တြိဂံကျွန်းမြေခင်း အလှပြုပြင်ခြင်းနှင့် ရပ်တော်မူဘုရားကြီးဘေးရှိ မြေကွက်လပ်တွင် မြက်ခင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးကြသည်။

(မြို့နယ်/စည်ပင်)

ဇူလိုင် ၁၇ရက်က ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ရန်ကုန်–ပြည်လမ်းဘေး ဝဲယာတစ်လျှောက်တွင် ပန်းအလှပင်များစိုက်ပျိုးဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

လွှဲပြောင်းပေးအပ်

မော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူး၍ မြို့နယ်နာရေးကူညီမှုအသင်းသို့ မော်တော်ယာဉ်နှင့် လက်တွန်းလှည်း လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်၁၇ရက်က မြို့မဈေးရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်က မြို့နယ်နာရေးကူညီမှုအသင်းဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးမြသိန်းသို့ လွှဲပြောင်းပေးအပ်စဉ်။ (၀၄၆)

26-7 (15).p65 1 03/25/1905, 5:41 PM

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဟောပြော နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ဖွင့်လှစ်ပြသ

သုံးခွ ဇူလိုင် ၁၃

သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၉ရက်က အထက(၂) ခန်းမ၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲအခမ်းအနားကိုကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေးက မြန်မာအကြောင်း သိကောင်းစရာများ၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူးဦးကျင်ဝင်းကပြည်ထောင်စုစိတ်ဓာတ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးညွန့်ရွှေက အခမ်းအနားကျင်းပသည့် ရည်ရွယ်ချက်များကို ပြောကြားကြောင်း သိရသည်။ **(ဝဝံ)**

(မြို့နယ် ပြန်/ဆက်)

ဇွန် ၂၄ ရက် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် ကျုံပျော်မြို့ သောင်ကြီး-ဒိုက်ပျက် ကျောက်ချောလမ်း ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဖြူတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရွှေဘိုစက်မှုဇုန်(မုံရွာစက်မှုဇုန်ခွဲ) အစည်းအဝေးကျင်းပ

ရွှေဘို ဇူလိုင် ၅

ရွှေဘိုစက်မှုဇုန် (မုံရွာစက်မှု ဇုန်ခွဲ) အစည်းအဝေးကို ဇွန် ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ စက်မှုဇုန်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်က အမှာစကားပြောကြားပြီး စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်(ထိပ်တန်းစက်မှုလုပ်ငန်း)က မြေကွက်အနေအထားများကို ရှင်းလင်းတင်ပြကြသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ်သတင်းများ

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနား ဟသ်ာတ၌ကျင်းပ

ဟသ်ာတ ဇူလိုင် ၂၃

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ရက်က ဟသ်ာတမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဟသ်ာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးချစ်မြိုင်က အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးအောင်ဌေးကဖတ်ကြားသည်။

ဟောပြော

ထို့နောက် ခရိုင်ကျန်းမာရေးအရာရှိ ဒေါက်တာညီညီလွင်၊ ခရိုင်ဥပဒေအရာရှိ ဦးကိုင်းလျှန်သန်း၊ ခရိုင်တရားသူကြီး ဒေါ်သီသီနွယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဘိုဘိုတို့က မူးယစ်ဆေးဝါးဆိုင်ရာ အကြောင်းအရာများကို ဟောပြောကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အခြေခံပညာ အလက၊ အထကအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးကြပြီး အခမ်းအနားတွင်ပြသထား သောနံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၂၇-၇-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (မြစိမ်းရောင်ထဲက မြစိမ်းရောင်)

၁၁:၃၀ မြန်မာ့မူဟန်ဓာတ်မာန် ဟောပြောချက်(စာပေအုတ်မြစ် ကျောက်စာခေတ်-ခိုင်ခိုင်)

၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (အသက်၅၀ကျော်လျှင်-၃)(ကံချွန်)

၁၂:၂၀ ဓာတ်လမ်းပမာနားဆင်စရာ (ရင်ခွင်ရိပ်မှ ဝေးရာဆီ)

၁၂:၄၅ မျက်မှောက်ရေးရာဆွေးနွေးစရာ

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အလယ်တန်းနှင့်အထက်တန်းဆင့်-ပြည်ထောင်စုစိတ်ဓာတ်)

ညနေပိုင်း

၁၆:၂၀ ကျေးလက်ဇာတ်လမ်း (ဇီဝကကန်စွန်းခင်း)

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၀ ကမ္ဘာ့ဂီတ

၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (တိုးတက်ပြောင်းလဲနေသော ဘော်လီဘောအားကစား နည်းဥပဒေသစ်များ- ဦးဉာဏ်ထွန်း-ညွှန်မှူး-အား/ကာ)

၁၇:၅၀ သောတရှင်အတွက် ပြန်ကြားချက်

၁၈:၁၅ ကျန်းမာရေးနှင့် ဆေးပညာ (နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်ပါ)

၁၈:၃၀ ခရီးသွားစကားဝိုင်း

၂၀:၃၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ အစီအစဉ်

ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

တမူး ဇူလိုင် ၁၀

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ကဗျာ၊စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီက တမူး အထက ကဘော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်က အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်အေးမြင့်သူဝင်းက အမျိုးသမီးရေးရာအဖွဲ့နှင့်စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် အလယ်တန်းအဆင့် အထက်တန်းအဆင့် ကဗျာ၊စာစီစာကုံးပြိုင်ပွဲဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**



ကြီးကြပ်ဆောင်ရွက်

ဇွန် ၂၂ ရက်က ရေကြည်မြို့ လမ်းမတော်လမ်းမှ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အဖွဲ့ဝန်ထမ်းများဖြင့် တူးဖော်မှုကို ရေကြည်မြို့နယ် စည်ပင်သာယာအမှုဆောင်အရာရှိ ဦးစိန်မှန်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးခင်မောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဇူလိုင် ၁ ရက်က ကော့မှူးမြို့နယ် စိမ်းလန်းစိုပြည်ရေး အတွက် ပျိုးဥယျာဉ်အတွင်း၌ မြို့နယ်စည်ပင်သာယာဝန်ထမ်းများ စုပေါင်း၍ ပျိုးထုပ်များ၊ ပေါင်းမြက် ရှင်းလင်းခြင်းနှင့်ပန်းအလှပင်များ မြေချစိုက်ပျိုးနိုင်ရေး၊ ပျိုးပင်များ သတ်မှတ်၍ အရေအတွက် ပြည့်မီရေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

အမှာစကားပြောကြား

ဇူလိုင် ၁၄ ရက်က ဓာတုပစ္စည်းများကြောင့် အဆိပ်သင့်မှုကာကွယ်ရေး ကြိုတင်အချိန်မီသိရှိရေးနှင့် ပြုစုကုသခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို တောင်ကြီးမြို့ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဒေါက်တာဘုန်းမြင့်က အမှာစကား ပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)

မေတ္တာမွန် နာရေးကူညီမှုအသင်းသို့ ငွေကျပ်တစ်သိန်းလှူဒါန်း

နွားထိုးကြီး ဇူလိုင် ၅

နွားထိုးကြီးမြို့ မေတ္တာမွန်နာရေးကူညီမှုအသင်းသို့ ငွေကျပ်တစ်သိန်းလှူဒါန်းပွဲကို ဇွန် ၂၄ ရက်က မြို့နယ်စုပေါင်းရုံးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ရန်ကုန်မြို့နေ လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး ကျော်ကုမ္ပဏီပိုင်ရှင် ဦးကျော်စိန်၊ ဒေါ်မန်းမိသားစုကိုယ်စား၊ ဦးသိန်းထိုက်က မေတ္တာမွန်နာရေးကူညီမှုအသင်း အတွင်းရေးမှူးဦးကျော်စန်းလွင်သို့ ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် မေတ္တာမွန်နာရေးကူညီမှု အသင်းဥက္ကဋ္ဌဦးဌေးမြင့်(စာနယ်ဇင်း) က ကျေးဇူးတင်စကားပြောကြားပြီး မေတ္တာမွန် နာရေးကူညီမှုအသင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(၂၂၇)**

မောင်စိုးသူရိန်ထွန်း(ဇူလိုင်ကိုကို) အတွက် မွေးနေ့ဆုတောင်း

ဖေ၊ မေတို့ အချစ်ဆုံးသားငယ် မောင်စိုးသူရိန်ထွန်း(ဇူလိုင်ကိုကို)၏ ဝါဆိုလတွင် ပြည့်မြောက်သော မွေးနေ့မှ နောင်နှစ်ပေါင်းများစွာ ဘေးရန်ကင်းကွာ ပျော်ရွှင်စွာနဲ့ ပြည့်စုံအောင်မြင်တဲ့ ဘဝကို ရရှိပါစေ။

ဖေဖေ–ဦးထွန်းအောင်ကျော်
မေမေ–ဒေါ်ခင်ခင်လေး
မန္တလေးမြို့။

နန္ဒီစိုးလွင် တစ်နှစ်ပြည့် မွေးနေ့ဆုမွန်လွှာ ၂၆–၇–၂၀၀၄

ရတနာကိုးသွယ် ဝန်းရံခြယ်သို့ ရှုဖွယ်မငြီး ရင်နှစ်သည်းချာ သမီးချစ်ရတနာလေး မနန္ဒီစိုးလွင်၏ တစ်နှစ်ပြည့်မွေးနေ့မင်္ဂလာ ခါသမယမှာ အနန္တငါးဖြာစုံညီစွာဖြင့် မေတ္တာရေစမ်း တွေ့ထိဖျန်း၍ ထာဝစဉ်ရွှင်လန်းချမ်းမြေ့ပါစေ။ ဘေးရန်နှောင့်ယှက်ကင်းစင်လျက် အသက်ရာကျော် ရှည်ပါစေ။

ဖေဖေ–ဗိုလ်ကြီးစိုးလွင်
မေမေ–ဒေါ်တင်မာလွင်
မမ–အဥ္ဇလီစိုးလွင်။



ပညာရေးဝန်ကြီးဌာန အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ဒီပလိုမာသင်တန်းများအတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန အမျိုးသား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်သဖြင့် သတ်မှတ်သည့် အရည်အချင်းပြည့်စုံသူများ အချိန်မီလျှောက်ထားနိုင်ကြောင်း ကြေညာပါသည်။

စဉ် ဒီပလိုမာသင်တန်းအမည်

၁။ Diploma in Software Engineering အမှတ်စဉ်(၁၈)
၂။ Diploma in Network Engineering အမှတ်စဉ်(၁၃)
၃။ Diploma in Hardware Engineering အမှတ်စဉ်(၁၃)

၂။ **လျှောက်ထားရန်လိုအပ်သည့် အရည်အချင်းများ**

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင် သို့မဟုတ် အခြေခံပညာ အထက်တန်းအဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ်ရရှိထားသူဖြစ်ရမည်။
(လက်မှတ်မူရင်းနှင့် မိတ္တူပူးတွဲတင်ပြရန်)

၃။ အသေးစိတ်အချက်အလက်များကို အမျိုးသားလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ဗိုလ်တထောင်ဘုရားလမ်း (ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား) ဗိုလ်တထောင်မြို့နယ်၊ ဖုန်းအမှတ်–၂၉၁၉၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ **လျှောက်လွှာလက်ခံမည့်အစီအစဉ်**

(က) လျှောက်လွှာစတင်လက်ခံမည့်နေ့ရက်နှင့် လျှောက်လွှာပိတ်မည့်နေ့ရက်

၁။ Diploma in Hardware Engineering
၂–၈–၂၀၀၄ ရက်မှ ၁၂–၈–၂၀၀၄ ရက်ထိ။

မြစေတီပရိယတ္တိစာသင်တိုက်(၁၅)ကြိမ်မြောက် အာစရိယဂုဏပူဇော်ပွဲကျင်းပမည်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်၊ မြစေတီပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဓမ္မာစရိယ ပါဠိပါရဂူ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မြ–ဆရာတော်ကြီးအား(၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒုတိယဝါဆိုလကွယ်(၁၅–၈–၂၀၀၄)ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီ တွင်ကျင်းပပူဇော်မည်ဖြစ်ပါ၍ အနယ်နယ် အရပ်ရပ်မှ တပည့်သံဃာ၊ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကြွရောက်ကြည်ညို ပူဇော်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့
မြစေတီစာသင်တိုက်။

ထွက်ပြီ စကြဝဠာကြီးမည်မျှကျယ်သနည်း သံသရာကြီးမည်မျှရှည်သနည်း

ဗုဒ္ဓဟောကြားခဲ့သည့် အဘိဓမ္မာတရားတော်တွင် ကမ္ဘာကြီးလုံးနေသည့်သဘောများပါရှိသည်
အထက်ပါအကြောင်းများကိုသိရှိရန်
စာရေးဆရာ **“ဗိုလ်လုံ”**၏
“စကြဝဠာနှင့် သံသရာ” စာအုပ်ကို ဖတ်ပါ
မြင့်မိုရ်စာပေ ၅၂၇ ကုန်သည်လမ်း၊ ဖုန်း–၂၄၃၁၈၂။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၇၇၃၈၈ ဆိုင်ကယ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ ရှေ့တန်းရုံး (တာချီလိတ်)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရှေ့တန်းရုံး(တာချီလိတ်)။**

အမည်ပြောင်း

အဖဦးအောင်မြင့်၏သား အထက (၁) ဒသမတန်း(ခ) မြောင်းမြမှ မောင်ကျော်မျိုးအောင်အား ယနေ့မှစ၍ မောင်ရဲမင်း ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲမင်း။**

တိုက်ခန်းရောင်းမည်

ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း ဆိတ်ငြိမ်ရပ်ကွက်၊ နေရာကောင်း ၂၅ ပေ x ပေ ၇၀ (၃)လွှာ (အခန်းသစ်၊ လူမနေရသေး) ညှိနှိုင်းဈေးဖြင့်ရောင်းမည်။
ဆက်သွယ်ရန် – ၅၅၈၀၄၉၊ ၇၂၂၄၂၀။

သတိပေးကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း အိုလံပစ်တာဝါ(၂)အာရှနေဘဏ်လီမိတက်(ရုံးချုပ်)ကတ်ဌာန မန်နေဂျာ ဦးစန်းတင့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

အာရှနေဘဏ်လီမိတက် ကတ်ဌာနတွင်(Credit Card)သုံးစွဲခွင့် လျှောက်ထားပြီး သုံးစွဲခဲ့ရာ ဘဏ်သို့ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား သိစေအပ်ပါသည်။

[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	—
၂	[illegible]	[illegible]	[illegible]	(Owner) Bu Yadanar Jewel
၃	[illegible]	[illegible]	[illegible]	Panzan Shipping Marine Service
၄	[illegible]	[illegible]	[illegible] MGM Centre [illegible]	United Marine Service Co. Ltd.
၅	[illegible]	[illegible]	[illegible]	Shwe Thazin Ester
၆	U Sung Lian Mang [illegible]	[illegible]	[illegible]	Diethelm Co. Ltd.
၇	[illegible]	[illegible]	G-03 Bo Aung Kyaw Office Tower, Corner of Mahabandoola & Bo Myat Tun St, Botahtaung Tsp.	Diethelm Co. Ltd.
၈	[illegible]	[illegible]	[illegible]	(Director) Shwe Pyi Tan Construction & Transportation
၉	[illegible]	—	[illegible]	(Owner) Yuzaha Store
၁၀	[illegible]	[illegible]	[illegible]	—
၁၁	[illegible]	[illegible]	[illegible]	(Front Office Manager) (Mosaic Hotel)
၁၂	[illegible]	[illegible]	[illegible]	(Owner) Thein Gaber Electric Centre
၁၃	[illegible]	[illegible]	[illegible]	(Owner) Saung Hay Man Oo Textil
၁၄	[illegible]	[illegible]	[illegible]	Angel Fashion, Yuzana Plaza
၁၅	[illegible]	[illegible]	[illegible]	Top Point Store
၁၆	[illegible]	—	[illegible]	(Owner) Mar Electric Shop
၁၇	[illegible]	[illegible]	[illegible]	Tiger Color Offset
၁၈	[illegible]	[illegible]	[illegible] YTU [illegible]	(Technician) Europ Continent
၁၉	[illegible]	[illegible]	[illegible]	Diethelm Co. Ltd. (Distribution Dep.)
၂၀	[illegible]	[illegible]	[illegible]	(Marketing) Air Mandalay
၂၁	[illegible]	—	[illegible]	Sein Mittar Electric Shop
၂၂	[illegible]	[illegible]	[illegible]	A & K Travel & Tour Co. Ltd.
၂၃	[illegible]	Daw Twan Hkee Shan [illegible]	[illegible]	Management of Kachin Special Region (1)

အထက်ဖော်ပြပါ ပုဂ္ဂိုလ်တို့သည် အာရှနေဘဏ်မှ (Credit Card) ဖြင့် သုံးစွဲငွေများကို သတ်မှတ်ကာလထက် ကျော်လွန်သော်လည်း လာရောက်ပေးဆပ်ခြင်းမရှိသဖြင့် အာရှနေဘဏ်လီမိတက်(ရုံးချုပ်)ကတ်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များသည် လူကိုယ်တိုင်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ သုံးစွဲငွေများ ပြေကျေစွာပေးဆပ်ရန် အကြိမ်ကြိမ်အကြောင်းကြား သတိပေးခဲ့ပါသည်။ သို့သော် အထက်ဖော်ပြပါ ပုဂ္ဂိုလ်တို့သည် ဘဏ်သို့ငွေများ ပြေကျေစွာပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်နေကြပါသည်။

သို့ပါ၍ အထက်ပါပုဂ္ဂိုလ်များသည် အာရှနေဘဏ်လီမိတက်(ရုံးချုပ်) ကတ်ဌာနသို့ (၁၆–၈–၂၀၀၄) နေ့ နောက်ဆုံးထား၍ သုံးစွဲသည့်ငွေများလာရောက်ပေးဆပ်ရန် အကြောင်းကြားသိစေအပ်ပါသည်။

အကယ်၍ လူကြီးမင်းတို့သည် ကျွန်ုပ်၏ တိုက်တွန်းနှိုးဆော်အကြောင်းကြားခြင်းကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လူကြီးမင်းတို့သည် ပဋိညာဉ်သဘောတူညီချက်များကို ချိုးဖောက်နေကြသဖြင့် တရားဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြား သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ရာစိုး
တရားရုံးချုပ်ရှေ့နေ
တရားရုံးချုပ်ရှေ့နေ အမှတ်–၁၁၈၄။

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင်
အသုံးပြုရန်လိုအပ်သော
ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ
ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပုံနှိပ်လုပ်ငန်းသုံး ပစ္စည်းများကို ဝယ်ယူလိုပါသည်။

1. Web offset Ink
- (1) Black - 8700 Kg
- (2) Yellow - 1200 Kg
- (3) Magenta - 1700 Kg
- (4) Cyan - 1900 Kg

2. Sheetfed offset Ink
- (1) Black - 900 Kg
- (2) Yellow - 600 Kg
- (3) Magenta - 700 Kg
- (4) Cyan - 400 Kg
- (5) Green - 909 Kg

3. Negative Plates & Chemicals
- (1) 915 x 626 x 0.3 mm -1400 Shts
- (2) 1035 x 740 x 0.3 mm -300 Shts

4. Positive Plates & Chemicals
- (1) 740 x 615 x 0.3 mm -300 Shts

5. Wipe On Aluminium & Chemicals
- (1) 635 x 745 x 0.24 mm -6400 Shts
- (2) 650 x 550 x 0.24 mm -16150 Shts

၂။ တင်ဒါပေးသွင်းမှုကို ၆–၈–၂၀၀၄ ရက် (၁၆း၃၀)နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း၊ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၄၅၆၃၁၊၂၄၅၆၂၄၊ ၂၄၅၆၄၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နိုင်ငံတကာအဆင့်မီ Auto CAD & CNC သင်တန်းများ
တက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ စက်မှုလက်မှုသိပ္ပံ၊ အင်းစိန်နှင့်အစိုးရနည်းပညာကောလိပ်၊ မန္တလေးတို့တွင် အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ **ဖွင့်လှစ်ပို့ချမည့်သင်တန်း**

Specialized Auto CAD & CNC Training Course

ဤသင်တန်းပြီးဆုံး၍ တတ်ကျွမ်းသူများအား ပြည်တွင်းပြည်ပမှ ကုမ္ပဏီကြီးများတွင် လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

၃။ သင်တန်းကာလ(၃)လ၊ သင်တန်းချိန် (တနင်္လာနေ့မှ သောကြာနေ့)အထိ နေ့စဉ် ညနေ ၅း၀၀ နာရီမှ ၈း၀၀ နာရီ၊ စနေနေ့ နံနက် ၈း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ

၄။ **လျှောက်ထားရန်လိုအပ်သည့် အရည်အချင်းများ**

(က) အစိုးရနည်းပညာကောလိပ်၊ စက်မှုလက်မှုသိပ္ပံများမှ AGTI (MP/MT/EC/EP/ Mechatronics), EGTI (MP /MT/ EC/ EP), B.E (Mechanical, EC/ EP/ Mechatronics, I.E), YTU ညနေပိုင်း (Mechanical) သင်တန်းအောင်မြင်ပြီးသူများ ဖြစ်ရမည်။

(ခ) ကျန်းမာရေးနှင့်ပြည့်စုံသူများဖြစ်ရမည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဃ) အောင်လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူပူးတွဲတင်ပြရမည်။

၅။ **သင်တန်းပို့ချမည့်ဌာန**–အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်နှင့် အစိုးရနည်းပညာကောလိပ်၊ မန္တလေး။

၆။ အသေးစိတ်အချက်အလက်များကို အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်၊ စကားပြောကြေးနန်း အမှတ်–၀၁–၆၄၀၅၈၇ နှင့် အစိုးရနည်းပညာကောလိပ်၊ မန္တလေး၊ စကားပြောကြေးနန်း အမှတ်–၀၂–၃၆၆၈၁ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၇။ လျှောက်လွှာပုံစံများကို အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်နှင့် အစိုးရနည်းပညာကောလိပ်၊ မန္တလေးတို့တွင် ၂၇–၇–၂၀၀၄ ရက်နေ့မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

၈။ **သင်တန်းသားလက်ခံမည့်အစီအစဉ်**

လျှောက်လွှာပိတ်ရက်	– ၂၅–၈–၂၀၀၄
လူတွေ့စစ်ဆေးမည့်နေ့ရက်	– ၂၉–၈–၂၀၀၄ (နံနက် ၉း၀၀)နာရီ
တက်ရောက်ခွင့်ရသူများအမည်စာရင်း ထုတ်ပြန်ကြေညာရက်	– ၃၁–၉–၂၀၀၄
သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	– ၂–၁၀–၂၀၀၄

KMD Computer Centre

KMD (Head Office)

GOLDEN LION HIGH TECH AGRICULTURAL RESOURCES CO.,LTD.

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာ ခန့်ထားရန်)

1. Sales & Marketing (Technical Service) (15)ဦး
2. Sales Admin (1)ဦး
3. Mechanic (1)ဦး
4. Driver (2)ဦး

Ph: 682606, 683103

အမည်ပြောင်း

အဖ ဦးဟိုင်း၏ သား ရပ်စောက် အထက ဒသမတန်း Bမှ မောင်တုတ် ၁၃/ရစန (နိုင်) ၀၅၇၉၈၉ အား မောင်ပိုင်ဝင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။



YUZANA GARDEN

BE SMART FOR YOUR ONLY CHOICE

SPECIAL OFFER

Weekdays 20% Off (except holiday)

For more information, please contact:

Email : yuzanagarden@mptmail.net.mm

(ဂီတစာဆို ဦးကြေးမုံ)

နာမကျန်းသူများအား ဆေးကုသရန် အထောက်အပံ့ရန်ပုံငွေအဖြစ် "တို့အချစ်ကတစ်မျိုး" တေးစီးရီးလေးကို ထုတ်လုပ်နေစဉ်မှာ သမီးတို့ထံမှ နှုတ်မဆက်ဘဲ ရုတ်တရက် ထွက်ခွာသွားခဲ့ပေမယ့် သမီးတို့နဲ့အတူ ဖေဖေ ထာဝရ ရှိနေသလိုပဲ ဖေဖေရဲ့ဆန္ဒတွေအားလုံး အမြန်ဆုံးပြည့်ဝစေဖို့ မေမေထား၊ မောင်လေးသီဟ၊ မောင်လေးခန့်ချောနဲ့ သမီးတို့ ဆက်လက်ကြိုးစားလျက်ပါ ဖေဖေ သာဓုခေါ်ပါနော်–––။

သမီး ကြာညိုသွယ်နှင့်မောင်နှမများ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးစိုင်းသီဟ၏ ယမဟာ ဆိုင်ကယ်အမှတ် တက/၁၂၃၃ ပိုင်ရှင်စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း–၄၀၀၇၈ ရပ်စောက်မြို့။**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ မြန်မာကျွမ်းကျင်သော ဝန်ထမ်းရန်)

Deutz ... Ingersoll-Rand ... Liebherr ... Tractors World Co.,Ltd ...

(၁)	Sales Engineer	(B.E (or) A.G.T.I)	ကျား (၂) ဦး
		(Mechanical, Electrical, Mining)	မ (၁) ဦး
(၂)	Sales Engineer (For Manadalay Branch)	(B.E. (or) A.G.T.I) (Mechanical, Electrical, Mining)	ကျား (၁) ဦး
(၃)	Service Engineer	A.G.T.I (Electrical)	ကျား (၁) ဦး

Tractors World Co.,Ltd
No.7B,8B,8F Dagon Tower,Shwegondaing Junction
Bahan Township,Yangon .
Ph 558198 Ext :113

လွမ်းဆွတ်သတိရခြင်း
ဒေါ်ရင်မေ
(ဟသ်ာတ)

အနန္တဂိုဏ်းဝင် မွေးသမိခင်ကျေးဇူးရှင် ချစ်မေမေ ကွယ်လွန်ခဲ့တာ ၂၆–၇–၂၀၀၄ နေ့ ဆိုရင်ဖြင့် (၁) နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ တစ်နေ့မှမေ့မရ နေ့စဉ်နှင့်အမျှ သတိရလွမ်းဆွတ် တမ်းတလျက်ပါမေမေ၊ မေမေ့ကို ရည်စူးပြီး သားတို့ သမီးတို့ လှူဒါန်းခဲ့ရတဲ့ဒါန၊ ဆောက်တည်ခဲ့ရတဲ့သီလ၊ ပွားများခဲ့ရတဲ့ ဘာဝနာ ကုသိုလ်ကောင်းမှုအစုစုနှင့် မေမေနှစ်ပတ်လည်နေ့မှာ ဟသ်ာတ ဘိုးဘွားရိပ်သာနှင့် အိမ်မှာလှူဒါန်းခဲ့ရတဲ့ကောင်းမှုအစုစုတို့အား မေမေ့ကို အမျှပေးဝေပါတယ်။ ရောက်ရှိနေတဲ့ မြင့်မြတ်တဲ့ ဘုံဘဝကနေ မေမေသာဓုခေါ်ပြီး အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတဲ့ နိဗ္ဗာန်ချမ်းသာကို အမြန်ဆုံးရောက်ရှိပါစေ။

မေမေရေ အမျှ အမျှ အမျှ–––

ချစ်ခင်ပွန်း	–	ဦးကျင်အေး
သား	–	ကိုကျင်စိန်–မနွဲ့နွဲ့စန်း
မြေး	–	မောင်ပြည့်ဖြိုးမင်း–မအိကိုစံ
သား	–	ကိုသက်ဦး–မနွယ်နွယ်ဝင်း
မြေး	–	မသက်ဟေမာဦး၊မသက်နွယ်ဦး
သား	–	ဒေါက်တာချစ်ဦး–ဒေါက်တာစိန်စိန်
မြေး	–	မောင်သူရချစ်ဦး၊မသိမ့်ချစ်ဦး
သမီး	–	ကိုမောင်မောင်ကျော်–မမီးမီး
မြေး	–	မယဉ်မေဦး၊ မမေစပယ်ဖြူ၊ မောင်ချစ်ထွေးဦး

ရွှေလဝင်းပွဲရုံမိသားစု။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်ပ/၆၃၅ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၉၃၄၃ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

ခွေးရောင်းရန်ရှိသည်

ထိုင်း Import Rottweiler တစ်လခွဲသား အမလေးများ ရောင်းရန်ရှိပါသည်။

ဆက်သွယ်ရန်–ဖုန်း–၇၂၄၀၄၃။

ဦးသာကျော် (စစ်တွေ)
(ယခင်ညေဝတီကျောင်းအုပ်ဆရာကြီး)
အသက်(၇၆)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပါဒလိပ်ချိတ်ရပ်လမ်းမကြီးနေ (ဦးမောင်လုံး–ဒေါ်မတုတ်)တို့၏သား၊ (ဦးမောင်မြထွန်း)–ဒေါ်ဦးစိန်တို့၏ သားသမက်၊ [ဒေါ်စောမြဦး(ခ)ဒေါ်ညိုညို]၏မောင်၊ ဒေါ်သူဇာအေး(သူဇာကုမ္ပဏီ)၏ခင်ပွန်း၊ မသီရိစုဝေကျော်၊ မောင်ရဲထွန်းကျော်–မခင်သန္တာဝင်း၊ မောင်ရဲမြကျော်တို့၏ဖခင်သည် ၂၅–၇–၂၀၀၄ရက် မွန်းလွဲ၂း၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၇–၇–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အမှတ် ၁၄၇၊ ဒုတိယထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေးနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ် နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂။

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့်အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ–၁၁)
ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၆)တရားမရုံးတော်၌
၂၀၀၄ခုနှစ် တရားမအထွေထွေမှုအမှတ်–၁၃၁

ဦးဖြိုးတင့်(အဖ)ဦးဟန် လျှောက်ထားသူ
၁၂/ဥကတ(နိုင်)၀၁၃၂၆၆

တိုက်၃၊ အခန်း၅၀၂၊ ဝေဇယန္တာအိမ်ရာ၊ ဇ/တောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းနေ အရွယ်မရောက်သေးသူသူငယ် မထိုက်ထိုက်ဝင်း ပိုင်ပစ္စည်းအကြောင်း။

တိုက်၃၊ အခန်း၅၀၂၊ ဝေဇယန္တာအိမ်ရာ၊ ဇ/တောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းနေ ဦးဖြိုးတင့်က အပေါ်ကအမည်ပါရှိသော အရွယ်မရောက်သေးသော သူငယ် မထိုက်ထိုက်ဝင်း၏ဦးလေးတော်စပ်သူဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းအပေါ်ကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့်လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၀၄ခုနှစ် ဩဂုတ် ၁၆ ရက်(၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၁ ရက်) နေ့တွင် ပြိုင်ဆိုင်ရန် ချိန်းဆိုသည်။

၂၀၀၄ခုနှစ် ဇူလိုင် ၁၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ထိန်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၌
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၂၂

မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) **နှင့်** ၁။ ဦးသက်လှိုင်
စက်မှုလက်မှုငွေချေးဌာန၊ ၂။ ဒေါ်စိန်စိန်ကြူ
ရန်ကုန်မြို့။ အမှတ်၁၈၁၊
ကျွန်းတော
ရပ်ကွက်၊၆လမ်း၊တွံတေးမြို့နယ်၊ ရန်ကုန်မြို့။

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးက ၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်၂၁တွင် ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့စွဲပါ ဒီကရီ အတည်ပြုရာတွင် တရားရှုံးပိုင် အောက်ဖော်ပြပါပစ္စည်းကို ၂၀၀၄ ခုနှစ် ဩဂုတ်လ၁၂ရက်နေ့ နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ထုခွဲရောင်းချလိမ့်မည်။

လေလံဆွဲဝယ်လိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း ၊ တွံတေးမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ ကွင်းအမှတ် ၈၂၊ ကွင်းခြုံကွင်း၊ ဦးပိုင်အမှတ် ၇၇/၄၊ ဧရိယာ ၀ ဒသမ ၀၆၆ ဧက ၃–ခ မြေနှင့် ယင်းမြေပေါ်ရှိ (၁၈X၃၅) ပေသွပ်မိုး၊ ပျဉ်ကာတစ်ထပ်၊ ပျဉ်ထောင်လူနေအိမ် အပါအဝင် အကျိုးခံစားခွင့်အားလုံး။

အထက်ဖော်ပြပါမြေနှင့် အဆောက်အအုံ၏ ကြမ်းခင်းဈေးမှာ ကျပ်သိန်း ၃၀ ဖြစ်ပါသည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်များမှာတရားနိုင်များကတရားရုံးသို့တင်ပြချက်အရ သိရှိသမျှဖြစ်သည်။မှားယွင်းခြင်း၊ ကျန်ကြွင်းခြင်းတစ်စုံစုံ ပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိ သတ်မှတ်သည့် အတိုင်းရောင်းချမည်ဖြစ်ပါသည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာလည်း ရောင်းချမည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်းရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲငြင်းပယ်ခွင့် ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်တစ်ရာလျှင် ၂၅ ကျပ်နှုန်းဖြင့် လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့် ရှိသည်။

၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့အပြေအကြေပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ ခုနှစ် ဇူလိုင်လ၁၄ရက်နေ့တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာထုတ်ပေးလိုလ်သည်။

ခင်ဆွေရီ၊ ခရိုင်တရားသူကြီး
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်မြို့။

ဦးနေဖီ (ကျိုက္ကော်)
အသက် (၇၉)နှစ်

သထုံမြို့နယ်၊ ကျိုက္ကော်ရွာနေ (ဦးကျော့ဟွန်း–ဒေါ်ဒွေးစိန်)တို့၏သား၊ သထုံ မြို့နေ(ဦးဘန်လိပ်–ဒေါ်ကျင်ထွေး)တို့၏ သားသမက်၊ (ဒေါ်မြကျင်)၏ ခင်ပွန်း၊ ဦးအေးသန်း–ဒေါ်အေးရီ၊ (ဦးချစ်မြတ်)–ဒေါ်ခင်ကြူ၊ ဦးအေးလွင်–ဒေါ်ဝါဝါလွင်၊ ဦးစိုးလွင်–ဒေါ်သီသီမြင့်တို့၏ အစ်ကိုကြီး၊ ဦးမြင့်အောင်–(ဒေါ်ခင်မမ)၊ ဒေါ်အေးမျိုးဟန်၊ ဦးတင်အေး–ဒေါ်မြင့် မြင့်အေး၊ ဦးမြင့်ဝင်း–ဒေါ်မြင့်မြင့်ဆွေ၊ ဒေါက်တာမြင့်အောင်–ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်မြင့်မြင့်မူ၊ ဦးသက်အောင်–ဒေါ်ချိုမွှေး၊ ဦးမင်းအောင်–ဒေါ်ကြည်ကြည်မြင့်၊ ဒေါက်တာမိုးကျော်အောင်–ဒေါ်မာလာ၊ ဦးညီညီအောင်–ဒေါ်ချောချောဟန်တို့၏ဖခင်၊ မြေး၁၃ ယောက်တို့၏အဘိုးသည် ၂၅–၇–၂၀၀၄ရက် နံနက်၄နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇–၇–၂၀၀၄ ရက် (အင်္ဂါနေ့)နံနက် ၁၁နာရီတွင် သိမ်ဆိပ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုး မိတ်သင်္ဂဟများအားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးသင်(ခ)အမေသဲ (မော်ကျွန်း၊ သုဝဏ္ဏ)
အသက်(၇၀)

မော်ကျွန်းမြို့နေ(ဦးဖိုးခ–ဒေါ်စိန်မြိုင်)တို့၏သမီး၊ တိုက်အမှတ်၇၁၊ အခန်း၃၊ ပယင်းလမ်း၊(၂၄)ရပ်ကွက်၊ သုဝဏ္ဏမြို့နေ(ဦးချစ်ဆွေ)၏ဇနီး၊အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးကြည်သိန်း–ဒေါ်မာမာရှိန်၊ တပ်ကြပ်ကြီး ဝင်းစိန်–မကျင်သိန်း၊ ဦးဝင်းကြည်(တပ်မတော်–ရေ၊ငြိမ်း)–ဒေါ်အေးချို၊ တပ်ကြပ်ကြီးထွန်းညွန့်–ဒေါ်မော်မော်လီ၊ ဦးမျိုးကျော်(စည်ပင်/စက်ယာဉ်)–ဒေါ်ဌေးကြည်၊ ဦးရဲမြင့်–ဒေါ်တင်တင်စမ်း၊ ကိုကြည်အေး(ရေနံ/သယ်ပို့)–မအေးအေးသင်း၊ မခင်အုန်းမြင့်၊ကိုကြည်ထွေး(သန်မြန်သူယာဉ်လိုင်း)–မချိုဦးတို့၏မိခင်၊ မြေး၂၁ ယောက်တို့၏ အဘွားသည် ၂၃–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၇–၂၀၀၄ရက် မွန်းလွဲ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးသင်(ခ)အမေသဲ
မော်ကျွန်း(သုဝဏ္ဏ)
အသက်(၇၀)

တိုက်အမှတ်၇၁၊ အခန်း၃၊ ပယင်းလမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏမြို့နေ (ဦးချစ်ဆွေ)၏ ဇနီး၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးကြည်သိန်း–ဒေါ်မာမာရှိန်တို့၏မိခင် ဒေါ်အေးသင်(ခ)အမေသဲသည် ၂၃–၇–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ကျောင်းဆင်းဘက်သူငယ်ချင်းများ။**

တြော်ကျွီဂို(ခ)ဦးမောင်ကို
(သံဈေး)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂) ရပ်ကွက်၊ ၁၈ လမ်း၊ အမှတ် ၁၁၆(ပထမထပ်)နေ ဒေါ်ရင်စိန်(ခ)ဒေါ်ကျင်ပု၏ ခင်ပွန်း၊ လမ်းမတော်လမ်း၊ အမှတ်၁၆၆ (ဒုတိယထပ်)နေ ဦးအောင်မြင့်–ဒေါ်ခင်ဝင်း၊ဒေါ်အန်းတူး(ခ)ဒေါ်ခင်တင့်(သံဈေး)၊ ဒေါ်ခင်ခင်အေး (အထက–၂၊လသာ)၊ [ဦးဝင်းလွင်(ခ) အစိမ်း]၊ ဦးအေးနိုင်–ဒေါ်ခင်ခင်စိုး(ခ)အန္တီးတို့၏ ဖခင်၊ မောင်လင်းမြတ်အောင် (အထက–၅၊ ဗိုလ်တထောင်)၊ မစောယုနွယ်(အထက–၂၊ လသာ)တို့၏အဘိုးသည် ၂၄–၇–၂၀၀၄ ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍၂၆–၇–၂၀၀၄ ရက်(တနင်္လာနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(လမ်းမတော်လမ်း နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုထွန်းမျိုးခိုင်(ခ)ကိုမျိုး
B.Sc (Bot)
TM ဖက်ရှင်ရှော့
(မကွေး)
အသက်(၃၂)နှစ်

မကွေးတိုင်း၊ စလင်းမြို့၊ အမှတ် ၂၂၊ ဝက်ထီးကန်လမ်း၊ ပေါင်းပင်ဇင်းရပ်နေ ဦးထွန်းဝ(မြို့နယ်ပညာရေးမှူး၊ငြိမ်း)–ဒေါ်သန်းရီတို့၏ သားထွေး၊ ဦးသန်းမောင်(ကွန်ပျူတာ မျက်မှန်ဆိုင်၊ မကွေး)–(ဒေါ်ခင်ထွေးထွေး) တို့၏သားသမက်၊ ဒေါ်အေးကြည်၏တူ၊ ဒေါ်ရီရီခိုင်(B.E.D၊ အထက၊စလင်း)၊ ဦးသက်ထွန်းဦး(ဆသရ၊ ဆင်ဖြူကျွန်းအိတ်ချိန်း)– ဒေါ်ခင်ထွေးရီ(တိုင်းရင်းဆေး၊ စလင်း)၊ ဦးနိုင်ထွန်း(မန္တလေးခေတ်မျက်မှန်ဆိုင်၊ မကွေး)–ဒေါ်ရီရီစိုး၊ ဦးအောင်မိုး–ဒေါ်စုစုထွန်း(လယ်/ စိုက်ရှင်း၊ချောက်)၊ ဒေါ်သီတာထွန်း (ဖွံ့ဖြိုးရေးဘဏ်၊ စလင်း)တို့၏မောင်၊ ကိုရဲမျိုးနိုင်– မသင်းနန္ဒထက်၊ မချောစုလှိုင် (B.A English QII၊ မကွေးကောလိပ်) တို့၏အစ်ကို၊မအေးစုခိုင်(B.Sc,Math) ၏ခင်ပွန်း၊ မရွှန်းစန္ဒီမောင်၊ မောင်နေမျိုးသုတတို့ဖခင်၊ တူတူမ ခုနစ်ယောက်တို့၏ ဦးလေးသည် မကွေးမြို့ ကန်ရပ်နေအိမ်၌ ၂၄–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် မီးသင်္ဂြိုဟ်ပြီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်သိန်း(ပေါက်ခေါင်းမြို့)
အသက်(၉၆)နှစ်

ပဲခူးတိုင်း၊ ပေါက်ခေါင်းမြို့နေ (ဦးခင်–ဒေါ်မိလေး)တို့၏သမီး၊ (ဦးအုန်းရှိန်)၏ဇနီး၊ဦးစိုးလွင်ရှိန်(ငြိမ်း၊စာရင်းရုံး)–ဒေါ်ခင်ကြည် (ငြိမ်း၊စား/ထွေ)၊ ဦးတင့်ဆွေ(ငြိမ်း၊ M.E.P.E)၊ ဦးတင်အောင်–ဒေါ်တင်ဝင်း (ငြိမ်း၊တပ်မတော်အထည်ချုပ်)၊ ဦးတင်ယုရှိန် (ငြိမ်း၊မြန်မာ့သစ်လုပ်ငန်း)–ဒေါ်ထွေးတို့၏မိခင်၊ မြေး၁၃ ယောက်၊ မြစ်၁၈ယောက်တို့၏ အဘွားသည် ၂၅–၇–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက်တွင် အမှတ်၇၀၄၊ ရွှေအုပ်ဂူ ၄ လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇–၇–၂၀၀၄ရက် (အင်္ဂါနေ့)မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဲမှူးကျော်နိုင်
လ–၅၈၁၈၂(သူရအပတ်စဉ်–၁၂)
(ရဲတပ်ရင်း–၁)
အသက်(၅၅)နှစ်

အင်းစိန်မြို့နေ (ဦးထွန်းဦး–ဒေါ်သန်းကြည်) တို့၏သား၊ လက်ပံတန်းမြို့နေ (ဦးမောင်လေး)–ဒေါ်သန်းရီတို့၏သားသမက်၊ ဦးနေဝင်း–ဒေါ်ခင်ဝင်း၊ (ဦးတင်ဦး)–ဒေါ်သန်းသန်းမေ၊ ဦးအောင်မြင့်–ဒေါ်တင်လှတို့၏တူ၊ (ဦးစန်းလွင်)–ဒေါ်ခင်ခင်တင့်၊ (ဦးဝင်းချို)–ဒေါ်ခင်ခင်သိန်း၊ (ဦးစိုးမြင့်လွင်)–ဒေါ်ခင်ခင်အေး၊ ဦးသိန်းမြင့်–ဒေါ်မြင့်မြင့်ခင်၊ ဒေါ်နွဲ့နွဲ့ရီ (အထက–၁၊ အင်းစိန်)၊ ဒေါက်တာစိုးကြည်–ဒေါ်ကျင်ဌေးတို့၏ညီ/မောင်၊ ဦးလင်းအောင်–ဒေါ်စန်းနွဲ့၊ ဦးတင်ဝင်း–ဒေါ်မြတ်မြတ်ကြည်၊ဦးသီဟစိုး–ဒေါ်မြင့်မြင့်မော်၊ လက်ပံတန်းမြို့နေ ဦးဝင်းကျော်စိုး–ဒေါ်ခင်စန်းဝင်း၊ ဦးဇော်ဇော်–ဒေါ်ဖြူဖြူထွေး၊ ဦးကိုကိုနိုင်–မသက်သက်မော် တို့၏အစ်ကိုကြီး၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ သစ္စဝါဒီငွေစပယ်လမ်းသွယ်၊ အိမ်အမှတ်၈၄/၅၊ အောက်မင်္ဂလာဒုံ ၃ နေဒေါ်စန်းဌေး(ခ)အတူး(အထက–၃၊ အောင်ဆန်း)၏ခင်ပွန်း၊ မဇာလီကျော် (မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ ရေး–၁)၊ မယဉ်ယဉ်မျိုးအောင်(ဒုတိယနှစ်၊ ရက္ခဗေဒ၊ အနောက်ပိုင်းတက္ကသိုလ်)၊ မောင်ညီညီအောင်(အထက–၃၊ အောင်ဆန်း)တို့၏ ဖခင်သည် အထက်ပါ နေအိမ်၌ ၂၅–၇–၂၀၀၄ရက် နံနက် ၀၀း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၇–၇–၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ရွှေမောင်းဦး
အသက်(၉၈)နှစ်

ရခိုင်ပြည်နယ်၊ရသေ့တောင်မြို့နယ်၊ ဦးဂါရွာနေ (ဦးလှထွန်းဦး)၏ဇနီး၊ (ဦးနီမောင်–ဒေါ်မဒါဖြူ)၊ (ဦးဒါမောင်–ဒေါ်စောသာဖြူ)၊ ဦးမောင်ရွှေသာ–ဒေါ်စိန်ညွှင်းဖြူ၊ ဦးဝင်းစိန်အောင်(မူအုပ်၊ငြိမ်း)–ဒေါ်မစံညို၊ ဦးဘထွန်း(မူအုပ်၊ငြိမ်း)–(ဒေါ်အမဖြူ)၊ ဦးစိန်ပွား–(ဒေါ်မညိုစံ)၊ (ဦးမောင်ဘသိန်း)–ဒေါ်သိန်းမေ၊ ဦးထွန်းစိန်(မြေစာရင်း၊ငြိမ်း)–(ဒေါ်သိန်းစိုးဖြူ)၊ ဦးသိန်းစိုးအောင်–ဒေါ်မအေးစိန်၊ ဦးသိန်းထွန်းအောင်–ဒေါ်ဦးစိုးဖြူ၊ ဦးစိန်သီးအောင်–ဒေါ်ရွှေမစိန်တို့၏မိခင်၊ မြေး၇၀တို့၏ အဘောင်ရှင်၊ မြစ်၁၅၀ တို့၏ အဖီးရှင်၊ တီ ၃၀တို့၏ တီတီသည် ၂၄–၇–၂၀၀၄ ရက်(စနေ နေ့) နံနက်၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၇–၂၀၀၄ရက် (တနင်္လာနေ့)တွင် ဦးဂါရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းအမ၊ ရှင်အပါး(၁၀၀၀)
ဒါယိကာမကြီး
ဒေါ်တင်ရီ
အသက်(၉၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ် ၁၆/၁ ရပ်ကွက်၊ သုမန၂လမ်း၊ အမှတ် ၁၁၉၁ /ခနေ (ဦးလှတင်) (ဒေါ်မြရင်) တို့၏သမီး၊ (ဦးတင်စိန်)၏ ဇနီး၊ (ဦးသန်းလွင်) ဒေါ်သန်းညွန့်၊ ဦးတင်အုန်း (အငြိမ်းစား၊ အင်ဂျင်နီယာချုပ်၊ မြန်မာ့မီးရထား) – (ဒေါ်ကြည်ကြည်) တို့၏ အစ်မကြီး၊ ဦးချစ်လှိုင်(အငြိမ်းစား၊ လ/ထအင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) ဒေါ်သိန်းရီ၊ ဦးစိုးလှိုင် (အငြိမ်းစားဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊အတိုင်ပင်ခံ အင်ဂျင်နီယာ၊ Max Myanmar Co.,Ltd.)၊ဒေါ်မြစိန်[အငြိမ်းစားဌာနမှူး၊ ကထိက ရန်ကုန်ဆေးတက္ကသိုလ်(၁)]၊ ဦးလှဖေဝင်း (အငြိမ်းစား၊ ဆပ်ပြာစက်ရုံ–၁)၊ ဒေါ်သန်းမြင့်(အငြိမ်းစား ဆရာမ၊ အလက–၃၊ လှိုင်မြို့နယ်)၊ ဦးညွန့်ဝေ(ဌာနစုမှူးအင်ဂျင်နီယာ၊အင်ဂျင်နီယာဌာန(ရေသန့်) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဒေါ်ခင်ခင်ကြည် (လ/ထဌာနမှူး၊ ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ ဦးအောင်မြင့် (Milprend Shipping,Hong Kong) ဒေါ်သက်သက်ဆွေ တို့၏ မိခင်သည် ၂၄–၇–၂၀၀၄ ရက်တွင်ကွယ်လွန်သွားပါ၍ ၂၆–၇–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ် ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးကျင်(ခ)ဝင်သက်ဆွယ်
(ခတ္တိယ)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၈၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်နေ (ဦးချစ်ဆုံ–ဒေါ်တင်)တို့၏ သားကြီး၊ အမှတ်၆၀၊ ၂၆လမ်း၊ပန်းဘဲတန်းမြို့နယ်နေဒေါ်ရီ၏ ခင်ပွန်း၊ ကိုဆွေဦး–မရှုမေ၊ ကိုမောင်မောင်ဝင်း–မမြသီတာ၊ ကိုဝဏ္ဏတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၄–၇–၂၀၀၄ရက် ည ၆း၅၀နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ကွယ်လွန် သွားပါ၍ ၂၆–၇–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး ကွမ်းတုံတရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုစိုးမိုး
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာလမ်း၊ အမှတ် ၃၉၊ တတိယလွှာနေ ဦးခင်–ဒေါ်တင်တင်မြင့်(ခ)ဒေါ်ဘေဘီတို့၏သားငယ်၊ ဦးခင်ဇော်–ဒေါ်သက်သက်တင်၊ ဦးမြင့်နိုင်–ဒေါ်သီတာခင်၊ ဦးထွန်းဝင်း–ဒေါ်မိုးစန္ဒာတို့၏ ညီ၊ တူ တူမ လေးယောက်တို့၏ဦးလေးသည် ၂၄–၇–၂၀၀၄ရက် (စနေနေ့)နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးမောင်မောင်
အသက်(၉၀)

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ၅၂ လမ်းသွယ်၊ အမှတ် ၅နေ(ဒေါ်ထွေး)၏ခင်ပွန်း၊ (ဦးဘာဘာ–ဒေါ်လှတင်)တို့၏အစ်ကို၊ (ဦးမြင့်သိန်း–ဒေါ်အစိန်)၊ ဦးစိုးနိုင်(ယာဉ်စက်၊ငြိမ်း)–ဒေါ်အရီ(MEIS၊ ငြိမ်း)၊ ဦးဘမြင့်(ပုလဲငါး၊ငြိမ်း)–ဒေါ်တင်တင်၊ ဦးမျိုးကြည် (စက်မှုလယ်ယာ၊ ငြိမ်း)–(ဒေါ်လှသူ)၊ ဦးမျိုးတင့်(အကြီးတန်းမန်နေဂျာ၊ ရိုးမဘဏ် ဘုရင့်နောင်ဘဏ်ခွဲ)–ဒေါ်ထွေးတင်၊ ဦးမြင့်ကြည် (တပ်မတော်–လေ၊ ငြိမ်း)–ဒေါ်တိုးရီတို့၏ ဖခင်၊ မြေး ၁၅ ယောက်၊ မြစ်၂၂ယောက်တို့၏အဘိုးသည် ၂၅–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက်၂နာရီတွင်ကွယ်လွန်သွားပါ၍ ၂၇–၇–၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်း အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများမွန်းလွဲ ၁၂း၄၅နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်ဝင်း
(ကျိုက်လတ်၊နတ်စင်)
(မိုးစက်ပြင်သင်တန်း)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလမ်း၊ အမှတ်၁၃၀(က)နေ (ဦးစံမြ–ဒေါ်ညီမ)တို့၏သမီး၊ (ဒေါ်အေးမြင့်)၏ ညီမ၊ ဦးချစ်ရင် (မိုးစက်ပြင်သင်တန်း) ၏ဇနီး၊ ဦးမျိုးမြင့်ဆွေ– ဒေါ်သန်းသန်းဆွေ၊ ဦးသက်လွင်–ဒေါ်ဝင်းဝင်းဌေး၊ ဦးအောင်ကျော်မိုး–ဒေါ်ဝါဝါလင်းထွန်း၊ ဦးဝင်းအောင်မိုး – ဒေါ်နှင်းသန္တာဦး၊ ဦးအောင်စိုးမိုး(ခ) အေးသောင်းမိုး–ဒေါ်နှင်းနယဉ်တို့၏မိခင်၊မြေးရှစ်ယောက်တို့၏အဘွား သည် ၂၅–၇–၂၀၀၄ရက် နံနက်၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇–၇–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀ နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ခင်နှင်းမြင့်
B.E(Textile)1973
အတွင်းရေးမှူး
အားသစ်ချည်/ထည်
ကုန်ထုတ်သမအသင်း
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာဗောဂလမ်း၊ အမှတ်၁၇နေ(ဦးဇင်–ဒေါ်ခင်တီ) တို့၏ သမီးကြီး၊ ဦးအေးမြင့်(ဒုတိယ မြို့နယ်ဥပဒေအရာရှိ၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဥပဒေရုံး)–ဒေါ်ရင်ရင်မြ (ဒုတိယ မြို့နယ်တရားသူကြီး၊ တာမွေမြို့နယ်တရားရုံး) ဦးစန်းမြင့်(မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)တို့၏ အစ်မကြီးသည် ၂၅–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၇–၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစံညွန့်
အသက် (၅၂)နှစ်

ကျောက်မဲမြို့နယ်၊ မိုင်းငေါ့မြို့နေ(ဦးမိချွန်း–ဒေါ်အေးခင်)တို့၏ သား၊ ကျောက်မဲမြို့၊ (၂)ရပ်ကွက်နေ (ဦးရီ)–ဒေါ်မိုးတို့၏ သားသမက်၊ နမ့်ဆန်မြို့နေ (ဦးကျော်အေး–ဒေါ်ငွေကြည်) တို့၏ မောင်၊ ဆိုင်းတောင်မြို့နေ ဦးကျော်လှ၏ညီ၊ မိုင်းရှူးမြို့နေ ဦးအောင်ညွန့်–ဒေါ်အေးဝမ်တို့၏အစ်ကို၊ မန္တလေးမြို့၊ ၈၂လမ်း၊၃၄x၃၅လမ်းကြား၊ပန်းချီဝင်းနေ မနှင်းသီတာ၊မနန်းစုလတ်၊ မောင်အေးချမ်း၊ မောင်စိုးမြတ်မိုးတို့၏ဖခင်၊ ဒေါ်ခင်သန်းအေး၏ခင်ပွန်းသည် ၂၄–၇–၂၀၀၄ ရက်(စနေနေ့)ည ၁၁နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၆–၇–၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် အလုပ်သမားဆေးရုံမှ ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမ၊ ရှင်အပါး(၁၀၀၀)
ဒါယိကာမကြီး
ဒေါ်တင်ရီ
အသက်(၉၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ် ၁၆/၁ ရပ်ကွက်၊ သုမန၂လမ်း၊ အမှတ် ၁၁၉၁ /ခနေ (ဦးလှတင်) (ဒေါ်မြရင်) တို့၏သမီး၊(ဦးတင်စိန်)၏ဇနီး၊ (ဦးသန်းလွင်)ဒေါ်သန်းညွန့်၊ ဦးတင်အုန်း(အငြိမ်းစား၊ အင်ဂျင်နီယာချုပ်၊မြန်မာ့မီးရထား) (ဒေါ်ကြည်ကြည်)တို့၏ အစ်မကြီး၊ မဖြူဖြူသန့်(မြို့ပြမြေယာ၊ ရန်ကုန်မြို့တော်စည်ပင်)၊မောင်သန့်ဇင်ဌေး၊ မမူမူသန့်၊ မောင်ထွန်းထွန်းဝင်း (မြို့ပြ မြေယာ ရန်ကုန်မြို့တော်စည်ပင်၊ မသီဂီထွန်း၊ မောင်တင်ဝင်းအောင်၊ မအေးအေးခိုင်၊ မောင်စိုးမြင့်လွင်(လ/ထအင်ဂျင်နီယာ)၊ ရေအရင်းအမြစ်ဦးစီးဌာန၊ မခင်ချိုလတ်၊ မောင်ကျော်ကျော်ထွန်း၊ မလေးနော်ဇာခင်၊ မမြတ်သန္တာလှိုင်(Dr. Reddy's Lab)၊ မောင်ကန်သစ်ထွန်း (သတ္တမတန်း၊ T.T.C)၊ မောင်ဖြိုးသက်အောင် (စတုတ္ထတန်း၊ T.T.C)တို့၏ အဘွား၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၂၄–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆–၇–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Agnes ဒေါ်ခင်ခင်သိန်း
အသက်(၈၄)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာမြို့နယ်၊ ဝေဘာဂီလမ်း၊ အမှတ် က/၂၀၃ နေ (ဦးပီလေး ချို)၏ဇနီး၊ ဘုန်းတော်ကြီးပီတယ်လေးချို၊ ဦးလေးသိန်း၊ဒေါ်မာဂရက်မေရီ–ဦးဝင်းမောင်၊ စစ္စတယ်ထရေဇားကဲဗင်၊ ဒေါ်ရို့စ်မေရီ–(ဦးတင့်ဆွေ)၊ ဦးသူရကျော်၊ ဦးစောဂျွန်ဘုန်းလှိုင်–ဒေါ်ကြည်ကြည်ဝင်းတို့၏မိခင်၊ မောင်မျိုးဝင်း၊ မယဉ်နှင်းဦး၊မနှင်းပွင့်ဖြူ၊ မခင်စုမွန်၊ ကေသီဘုန်းလှိုင်၊ ထွန်းထွန်းကျော်၊ ဝေယံဘုန်းအောင်တို့၏ အဘွားသည် ၂၅–၇–၂၀၀၄ရက် နံနက် ၁း၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၆–၇–၂၀၀၄ရက် နံနက် ၁၁နာရီတွင် မြောင်းမြ ခရစ်ယာန်သုသာန်တွင် ဂူသွင်း သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
တန်ပင်ရှောင်း(ခ)ဦးအောင်မြင့်
သမာဓိဆီစက်(ဖြူး)
အသက်(၇၉)နှစ်

ဖြူးမြို့၊ ရုံးရပ်ကွက်၊ ၁၁ လမ်းနေ (ဦးဝမ်ကြည်–ဒေါ်စောအင်း)တို့၏သား၊ ဒေါ်မြကြည်၏ခင်ပွန်း၊ဒေါက်တာကျော်လင်း (ဇေယျာဝတီ တိုက်နယ်ဆေးရုံ)–ဒေါ်တင်လှ၊ ဦးဝင်းသိန်း–ဒေါ်လှလှရီ၊ ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်ဝင်းဝင်းရီ၊ ဒေါ်စန်းစန်းရီ၊ ဦးအောင်လင်း–ဒေါ်မြမြစိုး၊ဦးဝင်းကျော်ဦး (စက်မှုလယ်ယာ)–ဒေါ်ခင်ခင်ရီ၊ ဒေါ်တင်တင်ရီတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၅–၇–၂၀၀၄ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇–၇–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဖြူးအရှေ့သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမြင့်အောင်(ခ)ဘိုနီ
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့သစ်(က) ၅လမ်း၊ အမှတ် ၁၇၂၁နေ (ဦးယ–ကေမင်း)–ဒေါ်မာကျူရီကေမင်း၏သား၊ ဦးမျိုးသန့်–ဒေါ်Betty၊ဦးတာဖံ–ဒေါ်မြင့်မြင့်သန့်၊ ဦးအေးလွင်–(ဒေါ်စန်းတင့်)၊ ဦးတင့်လွင်–ဒေါ်Joyce တို့၏ညီမောင်၊ ဦးတင်အောင်သန်း–ဒေါ်ဌေးဌေးသန်း ၏အစ်ကို၊ဦးရီသိန်း–ဒေါ်ကြည်(M.A.I) လေဆိပ်တို့၏သားသမက်၊ မောင်ချစ်ကို–မအေးအေးသိန်း၊ မောင်အောင်ကိုကို–မတင်တင်ချိုတို့၏ အစ်ကို၊ မအေးချမ်းစံ (အထက–၄၊VI-F)၊ မဆုနွယ်ယဉ် (အမက–၄၃၊ စတုတ္ထတန်း) တို့၏ဖခင်၊ ဒေါ်ကြည်ကြည်ဝင်း၏ ခင်ပွန်းသည် ၂၄–၇–၂၀၀၄ ရက် မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၇–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားအကြောင်းကြားအပ်ပါ သည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံသည် အိမ်နီးချင်းကောင်းများဖြစ် နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အာဆီယံနှင့်ဘင်းမ်စတက်အဖွဲ့များ ဒေသဖွံ့ဖြိုးရေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၅

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. K. Natwar Singh ၏ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင် ခရီးသွားရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ရန်ကုန်မြို့ရှိ အိန္ဒိယသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာရာဟူးလ်ကူလ်ရှိရက်ရှ်(တ်)တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသော နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် အထူးအရာရှိ ဦးမင်းသိမ်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင် အိန္ဒိယသမ္မတ နိုင်ငံ ဝန်ကြီးချုပ် **H.E.Dr. Manmohan Singh** အား ဝန်ကြီးချုပ်၏ နေအိမ်သို့ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း

"လူငယ်လူရွယ်ဘဝမှာ တစ်ပါးသီလ စောင့်ထိန်းနိုင်ရင်ကိုပဲ ဘယ်လောက် ဂုဏ်ကျက်သရေရှိပြီး အကျိုးများလှတယ်ဆိုတာ ဆရာကြီး ဦးသုခရဲ့ တစ်ပါးသီလ ရုပ်ရှင်ကားက အထင်အရှား သင်ခန်းစာပေးတာပဲလေ။ ခက်တော့ခက်တာပေါ့၊ ဒါပေမယ့် သန္နိဋ္ဌာန် စိတ်နဲ့ အမြဲသတိတရား လက်ကိုင်ထားပြီး နေသွားနိုင်မယ်ဆိုရင် ငါးပါးသီလလဲ ကြီးငယ်မဟူ လုံခြုံနိုင်ပါတယ်"

ဒေါက်တာလွင်ကို၏ အသက်ရှည်စွာအနာမဲ့ရေး(၂) ဆောင်းပါး(စာ-၁၀)

"အီဂျစ်သံတမန်တစ်ဦး အီရတ်အုပ်စုတစ်ခုပြန်ပေးဆွဲထား" နိုင်ငံတကာသတင်း (စာ-၅)

သံလွင်နှင့်ရော စိုးရိမ်ရေမှတ်ရောက်နေ

ရန်ကုန် ဇူလိုင် ၂၅

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ် အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဇရာဝတီမြစ်ရေသည် ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း လက်ရှိရေမှတ်မှ တစ်ပေခွဲခန့် ဆက်လက်တက်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ယှဉ်လု

အာရှဖလားဘောလုံးပြိုင်ပွဲ **အုပ်စု(ဃ) အုပ်စုပတ်လည် ဒုတိယမြောက်ပွဲစဉ်တွင် ဂျပန်နှင့် ထိုင်းအသင်းတို့ပွဲ၌ ဂျပန်နောက်ခံလူ အလက်ဆန်ဒရိဆန်တိုစ်** (ယာ)**နှင့် ထိုင်းမှ ဆူရာဆင်းနီရုဒ်တို့ ဘောလုံးယှဉ်လုစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်ရာမိုးရေချိန်

၂၅-၇-၂၀၀၄

ရန်ကုန်မြို့လယ်	၁ ဒသမ ၁၀ လက်မ
ကမ္ဘာအေး	၀ ဒသမ ၆၇ လက်မ
မင်္ဂလာဒုံ	၀ ဒသမ ၃၆ လက်မ

ကမ္ဘာတစ်လွှားထူးထူးခြားခြား

၅၄၀ ဘီစီခေတ်က ဂရိလက်ရာအိုးတစ်လုံး

ဂရိနိုင်ငံ အေသင်မြို့ရှိ အမျိုးသားရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသော ၅၄၀ဘီစီခေတ်က ပြုလုပ်ခဲ့သည့် အပြေးသမားများပုံကို ရေးခြယ်ထားသော ဂရိလူမျိုးတို့၏လက်ရာ အိုးတစ်လုံးကို တွေ့ရစဉ်။ **(အောက်ပုံ)** ရှေးဟောင်းပစ္စည်းများကို အိုလံပစ် မွေးဖွားရာ ဂရိနိုင်ငံ၌ အိုလံပစ် ပြိုင် ပွဲ များ ပြန်ရောက် လာမည့် အချိန်နှင့် ချိန် ကိုက် လျက် အောက် တို ဘာ ၃၁ ရက်ထိ ပြသ ထားမည် ဖြစ်သည်။**(ဓာတ်ပုံ-အင်တာနက်)**

လူစွန့်စား တောင်တက်သမား

ပြင်သစ်လူမျိုးတောင်တက်သမား အလိန်းရောဘတ်သည် ချီကာဂိုရှိ ဆီးယားစ်မျှော်စင်၊ ပါရီမြို့ရှိ အီဖယ်လ်မျှော်စင်နှင့် နယူးယောက်စီးတီးရှိ အင်ပါယာစတိတ် အဆောက် အအုံတို့ကို အသက်အန္တရာယ် မဖြစ်ရေး ကိရိယာများမပါဘဲ အလွတ်တက်ရောက်ခဲ့သည်။ မီတာ ၁၂၀ (၃၉၄ပေ) အမြင့်ရှိသော ဂျကာတာမြို့ရှိ အင်ဒိုဆက် အဆောက်အအုံကို အထောက်အကူ ကိရိယာများ မပါဘဲ တက်ရောက်နေသည်ကို တွေ့ရစဉ်။ **(ဝဲပုံ)**



(ဓာတ်ပုံ-အင်တာနက်)

AFC ASIAN CUP CHINA 2004

ဂျပန်နှင့်အီရန်တို့ ကွာတားတက်ရန် သေချာပြီ ဆော်ဒီနှင့်အီရတ်၊ တာ့ခ်မီနစ္စတန်နှင့်ဥဇဘက်တို့ ယနေ့ကစားမည်

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇူလိုင် ၂၅

အာရှဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဃ) အုပ်စုပတ်လည် ဒုတိယမြောက်ပွဲစဉ်များအဖြစ် အိုမန်နှင့် အီရန်၊ ထိုင်းနှင့်ဂျပန်တို့ တရုတ်နိုင်ငံ ချုံကင်းမြို့ ချုံကင်းအိုလံပစ်စင်တာကွင်း၌ ဇူလိုင် ၂၄ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ အိုမန်နှင့် အီရန်တို့ နှစ်ဂိုးစီသရေကျပြီး ထိုင်းနှင့်ဂျပန်တို့ပွဲတွင် ဂျပန်က ထိုင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●